# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂ၏ တစ်ဖက်သတ်ဖိအားပေးမှုသည် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူဖြစ်စေမည်မဟုတ်

မကြာသေးမီကာလများအတွင်း ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် ရှုထောင့်မျိုးစုံမှ ဖိအားပေးခဲ့သည်။ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏တံခါးဖွင့်အစည်းအဝေးတစ်ရပ်ကို နယူးယောက်မြို့၌ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက်တွင် ပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေကို ဆွေးနွေးခဲ့သည်။

ဂျီနီဗာမြို့၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်မှ ဧပြီလ ၅ ရက်အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အပြန်အလှန်ဆွေးနွေးမှုနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အပြန်အလှန်ဆွေးနွေးမှုတို့ကို မတ်လ ၁ ရက်နှင့် ၁၉ ရက်တို့တွင် အသီးသီးပြုလုပ်ခဲ့သည်။ ထို့အပြင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံကတင်သွင်းသည့် “မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ” ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို ဧပြီလ ၄ ရက်တွင် သက်ဆိုင်ရာ မြန်မာနိုင်ငံ မပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐



## မိမိသဘောဆန္ဒအလျောက် ဆန္ဒပြုစာရင်းပေးသွင်းလာကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် မေ ၈

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ယင်းဥပဒေအား အသက်ဝင်စေခဲ့ကာ မတ် ၉ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက်ဆင့်ခေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်များအနေဖြင့် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသည်။

ထိုကဲ့သို့ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာကြသူများအနက်

စာမျက်နှာ ၇ ကော်လံ ၁ ❖

### ထူးခြားသည့် နေ့အပူချိန်များ

၈ - ၄ - ၂၀၂၄

| | |
|---|---|
| ချောက်မြို့ | ၄၆ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၄၅ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၅ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၅ ဒီဂရီဆဲလ်စီးယပ် |
| မုံရွာမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူမြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘိုမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည်မြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| အောင်လံမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီးမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် |


ယနေ့ ဖတ်စရာ

ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ — ပြည်တွင်းသတင်း စာ ၉

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်း လုပ်ငန်းစဉ်များ အကြောင်း သိကောင်းစရာ — ဆောင်းပါး စာ ၁၀

စက်မှုဇုန်လုပ်သားများကို ပစ်မှတ်ထားကာ ပြည်ပသို့ တရားမဝင်သွားရောက်လုပ်ကိုင်ရန် ခေါ်ယူမှုများ ရှိနေ — ပြည်တွင်းသတင်း စာ ၁၅

## စံနမူနာပြုကြရမည့် နိုင်ငံ့သားကောင်းလူငယ်များ

နိုင်ငံသားကောင်းတိုင်း မိမိနိုင်ငံကို ချစ်မြတ်နိုးကြသည်။ နိုင်ငံတကာနှင့်ယှဉ်လျှင် ကိုယ့်နိုင်ငံကို ကမ္ဘာ့အလယ်ဝင့်ထည်စေချင်ကြသည်။ ကိုယ့်နိုင်ငံကို ငြိမ်းချမ်းသာယာသည့်နိုင်ငံ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်စေချင်ကြသည်။ ငြိမ်းချမ်းသာယာ ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံ၏ နိုင်ငံသားအဖြစ်လည်း ဂုဏ်ယူဝင့်ကြွားလိုကြသည်။

နိုင်ငံကောင်းမွန်စေရန်အတွက်ဆိုလျှင် အဖျက်အဆီးမရှိ တညီတညွတ် ဝိုင်းဝန်းတည်ဆောက်ကြမှသာလျှင် ဖြစ်နိုင်သည်။ တစ်ယောက်လုပ်သည်ကို တစ်ယောက်ကဖျက်၍ အကွဲကွဲအပြားပြား တစ်လမ်းစီသွားကာ ကိုယ်ထင်ရာကိုယ်စိုင်း တိုက်ခိုက်သတ်ဖြတ်နေသရွေ့ နိုင်ငံသည် မည်သည့်အခါမျှ မကောင်းနိုင်။ ယင်းသို့သောနိုင်ငံမျိုးတွင် နိုင်ငံသားတို့၏ဘဝသည်လည်း နေ့စဉ်နှင့်အမျှ ဆုတ်သည်ထက်ဆုတ်၊ နစ်သည်ထက်နစ်ကြရမည်ဖြစ်သည်။ နိုင်ငံပြိုကွဲပျက်စီးမသွားစေရန်နှင့် နိုင်ငံသူ နိုင်ငံသားတို့၏ဘဝများ ကစဉ့်ကလျား ဖြစ်မသွားစေရန်အတွက် နိုင်ငံ၏ ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းနေရန်လိုသည်။ ခိုင်မာတောင့်တင်းသော၊ အင်အားကြီးမားသော ကာကွယ်ရေးစွမ်းအားဖြင့်သာလျှင် နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ဘေးအန္တရာယ်အသွယ်သွယ်မှ ကာကွယ်ပေးနိုင်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတစ်ဝန်းတွင် လက်နက်ကိုင်သောင်းကျန်းသူမျိုးစုံတို့ ထကြွသောင်းကျန်းခဲ့ကြသည့်ကာလရှိခဲ့ရာ ယနေ့မြန်မာနိုင်ငံ၏ အခြေအနေသည် ထိုခေတ်ကာလနောက်ပိုင်းတွင် အဆိုးဆုံးဟု ဆိုရမည့်အခြေအနေတွင် ရောက်ရှိနေသည်။ ထို့အပြင် ပြည်ပနိုင်ငံကြီးအချို့၏ စွက်ဖက်မှု၊ ဖိအားပေးမှုများလည်းရှိနေရာ ဘိုးဘွားစဉ်ဆက် နှစ်ပေါင်းထောင်ချီ တည်ဆောက်ခဲ့သည့် နိုင်ငံမှာ အချိန်မရွေး ပျက်စီးပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်ရှိနေပြီဖြစ်ပြီး ယင်းအန္တရာယ်ကို ကာကွယ်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ နိုင်ငံ၏ကာကွယ်ရေးအင်အားကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရန်ပင်ဖြစ်သည်။ နိုင်ငံတော်တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည်နှင့်အညီ ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ယင်းဥပဒေကို အသက်ဝင်စေခဲ့သည်။

ယင်းဥပဒေအရ စစ်မှုထမ်းဆောင်နိုင်ရန်အတွက် မတ် ၉ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)တွင် တက်ရောက်ရန် ဆင့်ခေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်များ မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသည်။ အဆိုပါလူငယ်များအနက်မှ အရည်အချင်းကိုက်ညီသူများအား စုဖွဲ့၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများအသီးသီးတွင် သင်တန်းဖွင့်ပွဲများကို မေ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ယင်းမြင်ကွင်းများမှာ နိုင်ငံနှင့်ပြည်သူကို ချစ်မြတ်နိုးကြသည့် နိုင်ငံသားတိုင်းအဖို့ ဝမ်းမြောက်ဂုဏ်ယူကြရသည့် မြင်ကွင်းများပင်ဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁) မှ သင်တန်းသားများသည် နိုင်ငံ့တာဝန်များကို နိုင်ငံသားတစ်ယောက်အနေဖြင့် ဂုဏ်ယူစွာထမ်းဆောင်နိုင်ရန် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသူများဖြစ်ရာ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် လေးစားဖွယ်ရာပင်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်း တာဝန်နှင့်စပ်လျဉ်း၍ အဆိုပါ လူငယ်တို့၏ အမြင်နှင့် ခံယူချက်တို့မှာလည်း စံနမူနာပြု အတုယူစရာဖြစ်သည်။ နိုင်ငံသားတိုင်း နိုင်ငံနှင့်လူမျိုးကို ကာကွယ်လိုသည့်စိတ်ဓာတ်များ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းနှင့်အတူ စစ်ပညာများ တတ်မြောက်ကျွမ်းကျင်လာကြသည်နှင့်အမျှ နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်မှာလည်း ပိုမိုမြင့်မားလာမည်ဖြစ်သလို အဖျက်အင်အားတို့လည်း တစ်စတစ်စ ပျောက်ကွယ်သွားရမည်ဖြစ်သည်။ နိုင်ငံလည်း တည်ငြိမ်အေးချမ်းမှုကို ရရှိလာမည်ဖြစ်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းခြင်းသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှသာ တည်ဆောက်မှုတို့ ပြုလုပ်နိုင်မည်။ တည်ဆောက်မှုပြုနိုင်မှသာ ဖွံ့ဖြိုးမှု၊ တိုးတက်မှုတို့ ရရှိနိုင်မည်။ ပြည်သူတို့၏ဘဝများ မြင့်မားတိုးတက်နိုင်မည်ဖြစ်သည်။ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)သို့ တက်ရောက်လာကြသော နိုင်ငံ့သားကောင်း လူငယ်များအား နှစ်ထောင်းအားရစွာ ဂုဏ်ပြုအပ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌနေ့ ကျင်းပ

**နေပြည်တော် မေ ၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့ (ဆဋ္ဌနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၁၅၉၃၄ ပါး/ဦးအနက် ၁၂၉၅၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၁ ဒသမ ၂၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၈**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

မေ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) မှ (ကြာသပတေးနေ့) တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာ တိုင်းရင်းသားကဏ္ဍ အချပ်ပိုကို မေ ၁၈ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်းတိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၄ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား) မှ နှစ်ပတ်တစ်ကြိမ်ထုတ်ဝေသည့် ကချင်ဘာသာတိုင်းရင်းသားကဏ္ဍ အချပ်ပိုကို မေ ၂၀ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၂၂ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ"** ခေါင်းစဉ်ဖြင့် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပျော်ရွှင်ဆင်နွှဲပြည်သူတို့ရဲ့ သင်္ကြန်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် မေ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့နယ်အသီးသီးမှ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ခရေရိပ်သာ၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အတွင်းရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ် ဧရာဝတီခန်းမ၌ လည်းကောင်း ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးများက အမှာစကားများ အသီးသီး ပြောကြားကြပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံ ဆေးကုသရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ် ၅ ရက်နေ့မှ ၈ ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇၀၀ အချိန်မှ ညနေ ၁၈၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဥရောပအာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဥရောပအာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံရေးစသည်တို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဥရောပအာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) ၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)



## အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ အကောင်အထည်ဖော်ရေးနှင့် စာချွန်လွှာပါ ဦးစားပေးပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံအစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကို ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးအတွက် စာချွန်လွှာပါ ဦးစားပေးနယ်ပယ်များတွင် ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှု၊ အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မိလ္လာနှင့် ရေဆိုးများ သန့်ရှင်းရေး၊ တိရစ္ဆာန်များမှ ကူးစက်နိုင်သော ရောဂါကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေး၊ လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားကင်းစင်ရေးအစီအမံများ၊ ဘဏ္ဍာရေး ဈေးကွက်များ၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ စက်မှု-စိုက်ပျိုးရေးကဏ္ဍ၊ ယှဉ်ပြိုင်မှုမူဝါဒ၊ စက်မှုလုပ်ငန်း၊ စားသုံးသူအခွင့်အရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်နှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် အခြားသောကဏ္ဍများ ပါဝင်သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

အဆိုပါ ဆုံးဖြတ်ချက်အဆိုတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ အခြေအမြစ်မရှိသည့် တစ်ဖက်သတ်စွပ်စွဲဖော်ပြချက်များ ပါဝင်သည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိန်ခေါ်မှုများရှိသော်လည်း နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ သာယာဝပြောရေးနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ စနစ်တကျ ကျင်းပနိုင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ရေးနှင့်ပတ်သက်၍လည်း လိုအပ်သူများထံ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်း၌ ကုလသမဂ္ဂအဖွဲ့အစည်း ၁၆ ဖွဲ့၏ရုံးခွဲများ ဖွင့်လှစ်ထားရှိသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ ရရှိသော စာရင်းများအရ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၌ နိုင်ငံခြားသားဝန်ထမ်း ၁၃၀ ကျော်၊ ပြည်တွင်းခန့်ဝန်ထမ်း ၁၆၀၀ ခန့် အပါအဝင် ဝန်ထမ်းစုစုပေါင်း ၁၇၀၀ ကျော် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများ၏သံရုံးများကို မြေပြင်လုံခြုံရေးအခြေအနေပေါ် မူတည်၍ ခရီးသွားရောက်ခွင့်ပြုခဲ့သည်။ လွန်ခဲ့သောသုံးနှစ်အတွင်း အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအား နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့် အကြိမ် ၁၀၀၀ ကျော်နှင့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများအား အကြိမ် ၆၀ ကျော် ခွင့်ပြုခဲ့သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများအား စုစုပေါင်း အကြိမ် ၂၅၀ ခန့်နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအား အကြိမ် ၃၀၀ ကျော် ခရီးသွားလာခွင့်ပြုခဲ့သည်။ သို့ဖြစ်ရာ ကုလသမဂ္ဂ၏ အစီရင်ခံစာအချို့နှင့် သတင်းထုတ်ပြန်ချက်အချို့တွင် အလေးပေးထားသည့် သွားလာခွင့်ငြင်းပယ်ခံရကြောင်း ဖော်ပြချက်များမှာ အခြေအမြစ်မရှိကြောင်း အတိအလင်းဖော်ပြလိုသည်။

ထို့အပြင် မြန်မာအစိုးရအနေဖြင့် ကုလသမဂ္ဂဘက်မှ အဆင့်မြင့်အရာရှိကြီးများ၏ အဆိုပြုခရီးစဉ်များကို ညှိနှိုင်းပေးခဲ့သည်။ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး၏ Under-Secretary-General နှင့် ကုလသမဂ္ဂဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဌာန၏ Under-Secretary-General တို့၏ခရီးစဉ်များ အပါအဝင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ် စုစုပေါင်း ၁၉ ခုကို ညှိနှိုင်းပေးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများကို နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန်အသင့်ရှိသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အပြည့်အဝ ကတိကဝတ်ပြုဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို မစတင်နိုင်သေးခြင်းမှာ ရခိုင်ပြည်နယ်၏ လက်ရှိလုံခြုံရေးအခြေအနေများကြောင့်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံကိုဦးတည်သည့် ဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြစ်ပေါ်ရေးကို အထောက်အကူမပြုရုံသာမက ကုလသမဂ္ဂ၏ အခြေခံမူများဖြစ်သည့် သမာသမတ်ကျမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ရွေးချယ်မဆောင်ရွက်မှုတို့နှင့် ဆန့်ကျင်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့ကို အစဉ်တစိုက်ဆန့်ကျင်သည်။ သို့ဖြစ်ရာ ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ခြွင်းချက်မရှိ ပယ်ချလိုက်သည်။ မြန်မာအစိုးရအနေဖြင့် ဆွေးနွေးမှုများအတွင်း မျှတစွာရပ်တည်ပေးခဲ့သည့် ခင်မင်ရင်းနှီးသောနိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ယခင်သြစတြေးလျနိုင်ငံခြားရေး ဝန်ကြီးဟောင်း မစ္စ ဂျူလီဘစ်ရှော့ပ်အား ၎င်း၏မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ကြောင်း ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် ကြေညာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ် ခန့်အပ်နိုင်ရေး လုပ်ပိုင်ခွင့်ပါဝင်သော ဆုံးဖြတ်ချက်အဆိုအပါအဝင် နိုင်ငံတစ်နိုင်ငံအပေါ် အရေးယူပစ်မှတ်ထားသည့် ဆုံးဖြတ်ချက်အဆိုများကို လက်မခံဘဲ ပယ်ချသော်လည်း ကုလသမဂ္ဂနှင့်အပြုသဘော ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် ယခင်အထူးကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ ယခု မစ္စဂျူလီဘစ်ရှော့ပ်အား အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂဘက်က မြန်မာအစိုးရအား တရားဝင်အသိပေးအကြောင်းကြားမှုမရှိခဲ့ကြောင်း ဖော်ပြအပ်သည်။

ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဖက်သတ်ဖိအားပေးမှုများသည် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူပြုမည်မဟုတ်ကြောင်း၊ အချင်းချင်းနားလည်မှု၊ လေးစားမှုနှင့် အပြန်အလှန်ထိတွေ့ဆောင်ရွက်မှုတို့မှတစ်ဆင့်သာ လက်တွေ့ကျ၍ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်မည်ဖြစ်ကြောင်း အလေးထားဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဥရောပ - အာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်ကို လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၆**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဥရောပ–အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ–ရုရှား နှစ်နိုင်ငံအကြား ဘဏ္ဍာရေးနှင့်အကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များနှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်လာရေးအတွက် သင်တန်းများနှင့် ဆွေးနွေးပွဲများ ကျင်းပပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဥရောပ–အာရှ စီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရုရှား–မြန်မာ စီးပွားရေးကောင်စီမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင် - လန်ချန်း အထူးရန်ပုံငွေစီမံကိန်း (၂၀၂၁) ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်း အောင်မြင်ပြီးမြောက်

**နေပြည်တော် မေ ၆**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မဲခေါင်–လန်ချန်း နိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ခြင်းဆိုင်ရာ အထူးရန်ပုံငွေစီမံကိန်း (၂၀၂၁)စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်ကြောင်း ကြေညာခြင်း အခမ်းအနားကို ယနေ့ နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Zheng Zhihong (မစ္စတာ ကျန်ကျိဟုန်)နှင့် ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ စီမံကိန်းတာဝန်ရှိသူများ တက်ရောက်ကြသည်။




**ထည့်သွင်းတည်ဆောက်နိုင်ခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မဲခေါင်–လန်ချန်း အထူးရန်ပုံငွေစီမံကိန်း (၂၀၂၁)ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါနှင့် တိရစ္ဆာန်နှင့်လူအကြား အပြန်အလှန်ကူးစက်တတ်သောရောဂါများ ကာကွယ်ဆေးထုတ်လုပ်ခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စီမံကိန်း၏ အောင်မြင်မှုအထူးပြယုဂ်အနေဖြင့် မိမိတို့ဌာနတွင် အမှန်တကယ်လိုအပ်နေသော အအေးခန်းသိုလှောင်ရုံကြီး ငါးခုနှင့် အရန်မီးစက် ငါးလုံးတို့ကို ကာကွယ်ဆေးများ ထုတ်လုပ်လျက်ရှိသည့် ရန်ကုန်နှင့် ပြင်ဦးလွင်ရှိ ဓာတ်ခွဲခန်းများနှင့် ကာကွယ်ဆေးများ အရေးပေါ်သိုလှောင်ရသည့် နေပြည်တော်ရုံးချုပ်တို့တွင် တည်ဆောက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ဓာတ်ခွဲခန်း ကွန်ရက်စနစ်များကိုလည်း တည်ထောင်နိုင်ခဲ့ပြီး ကာကွယ်ဆေးများ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည့် ဆေးစမ်းတိရစ္ဆာန်အဆောက်အအုံ နှစ်လုံးကိုလည်း ထည့်သွင်းတည်ဆောက်နိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ဆေးစမ်းတိရစ္ဆာန်များ ဇီဝလုံခြုံမှုကောင်းမွန်စွာ မွေးမြူနိုင်ခြင်း၊ Animal welfare နှင့်အညီ ထိန်းသိမ်းမွေးမြူစမ်းသပ်နိုင်ခြင်းတို့ကြောင့် ကာကွယ်ဆေးထုတ်လုပ်ရေး ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးကို အထောက်အကူပြုနိုင်ခဲ့ကြောင်း။

တိရစ္ဆာန်ရောဂါကြိုတင်ကာကွယ်ရန် ကာကွယ်ဆေးများကို ပြည်တွင်း၌ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စဉ်ဆက်မပြတ် ဆက်လက်ထုတ်လုပ်သွားနိုင်မည်ဖြစ်၍ မိမိတို့နိုင်ငံအပြင် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများအတွက်လည်း အထူးအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုထောက်ပံ့ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီမံကိန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ မဲခေါင်–လန်ချန်း ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူပူးပေါင်းဆောင်ရွက်ပေးကြပါသော သက်ဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ဒုတိယအတွင်းဝန် Mr. Zheng Zhihong (မစ္စတာ ကျန်ကျိဟုန်) က စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့ခြင်းနှင့် ပတ်သက်၍ ဝမ်းမြောက်ဂုဏ်ပြုစကားပြောကြားသည်။

**အမှတ်တရလက်ဆောင် ပေးအပ်**

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ဒုတိယအတွင်းဝန် Mr. Zheng Zhihong (မစ္စတာ ကျန်ကျိဟုန်)ကို အမှတ်တရလက်ဆောင် ပေးအပ်သည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းတာဝန်ခံကို အမှတ်တရလက်ဆောင် ပေးအပ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စတုတ္ထအကြိမ်မြောက် မဲခေါင်–လန်ချန်း အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရခဲ့သည့် စီမံကိန်း (၄)ခုတွင် ပါဝင်သည့် မဲခေါင်–လန်ချန်းနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက် ရောဂါကာကွယ်ဆေး ထုတ်လုပ်ခြင်းဆိုင်ရာ အထူးရန်ပုံငွေစီမံကိန်းသည် (၂၀၂၁) ခုနှစ်၊ နိုဝင်ဘာလတွင် စီမံကိန်းစတင်ကြောင်း အသိပေးကြေညာခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် စီမံကိန်း ပြီးစီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# သာယာဝတီမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်

**သာယာဝတီ မေ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မိုးစပါးစိုက်ပျိုးရာသီတွင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ပွဲကို သင်တောရိုးကျေးရွာအုပ်စု သင်တောရိုးကျေးရွာ တောင်သူဦးထွန်းထွန်းဝင်း၏ လယ်မြေ၌ ယနေ့ နံနက်က ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဆန်းဟိုက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာမာအောင်က သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများ၊ စိုက်ပျိုး သီးနှံပင်များကိုသာမက သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို ထိန်းသိမ်းနိုင်ခြင်း၊ သီးနှံစိုက်ပျိုးရာသီမတိုင်မီ အချိန်တိုအတွင်း သစ်စိမ်းမြေဩဇာကို စိုက်ပျိုး၍ သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံပင်များအထွက်နှုန်း တိုးတက်မြင့်မားရေးကို အထောက်အကူပြုနိုင်ပုံများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တောင်သူများက သိရှိလိုသည်များကို ခရိုင်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူဦးထွန်းထွန်းဝင်း၏ လယ်ယာမြေ၌ သစ်စိမ်းမြေဩဇာများကို ကြဲပက်သရုပ်ပြသခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) ခရိုင်(ပြန်/ဆက်)**

# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဧပြီလ ၁၀ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် “ပညာဒါန” အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် –

❖ ညွှန်ကြားရေးမှူး (ထုတ်လုပ်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ / ၀၉၄၂၁၀၄၆၇၁၅
❖ ညွှန်ကြားရေးမှူး (ပြန်ဆက်)
  ပြန်/ဆက် ဦးစီးဌာန
  ဖုန်း ၀၆၇၃၄၁၂၁၆၄
❖ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ

ပြန်ကြားရေးဝန်ကြီးဌာန



## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များလှူဒါန်း

**နေပြည်တော် ဧပြီ ၈**
နိုင်ငံတစ်ဝန်း၌ ဖွင့်လှစ်ထားရှိသော ကျေးရွာနှင့် ရပ်ကွက်များမှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင်ထားရှိပြီး ပြည်သူများနှင့် ကျောင်းသားလူငယ်များ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဘုရားရှိခိုးနှင့် အန္တရာယ်ကင်းဂါထာများ စာအုပ် ၃၀၀ နှင့် ဥပ္ပါတသန္တိဝတ်ရွတ်စဉ် စာအုပ် ၃၀၀ တို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဒေါ်သီသီအောင်က နေပြည်တော်ဟိုတယ်ဇုန်ရှိ တံ့ဂပူရီဟိုတယ်၌ လာရောက်လှူဒါန်းသည်။ **(အပေါ်ပုံ)**

စာအုပ်များကို မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်များက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ လှူဒါန်းသောစာအုပ်၏ တန်ဖိုးမှာ ငွေကျပ် ၁၅၃၀၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေဘိုခရိုင်ရှိ မြို့နယ် ငါးမြို့နယ်တွင် အခြေခံ စာတတ်မြောက်ရေးအတွက် စာသင်ဝိုင်း ၃၀ ဖွင့်လှစ်သင်ကြား

**ရွှေဘို ဧပြီ ၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိရွှေဘိုမြို့နယ်၊ ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် ကျောက်မြောင်းမြို့နယ်များတွင် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာ ပြီးဆုံးသည်ထိ မသင်ကြားခဲ့ရသူများ၊ စာမတတ်သူ၊ ကျောင်းမနေသူများ၊ ပညာရေးနှင့် ရင်နှီးကျွမ်းဝင်ပြီး စာတတ်မြောက်ရေး မြှင့်တင်နိုင်ရေးအတွက် ဧပြီ ၆ ရက်မှ စတင်ကာ စာသင်ဝိုင်း ၃၀ ဖွင့်လှစ်ပြီး စာသင်သား ၅၅၆ ဦးတို့ကို သင်ကြားပေးလျက်ရှိသည်။

စာသင်ဝိုင်းများ စတင်ဖွင့်လှစ်သင်ကြားရာသို့ ခရိုင်/ မြို့နယ်အဆင့် စာတတ်မြောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ သင်ထောက်ကူပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ပညာရေးဝန်ကြီးဌာန၊ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနက အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အခြေခံစာစဉ်များ သင်နည်းလမ်းညွှန် ၂၀၂၄ ခုနှစ်မှ အခြေခံ(သင်္ချာ)၊ အခြေခံ(မြန်မာစာ) စသည်များ သင်ကြားပေးလျက်ရှိသည်။

ရွှေဘိုမြို့ ခရိုင်အတွင်းရှိ အဆိုပါစာသင်ဝိုင်းများကို ဧပြီ ၆ ရက်မှ မေ ၈ ရက်အထိ ရက်ပေါင်း ၄၀ ကြာ ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ပြီး နည်းပြဆရာ ဆရာမ ၅၅ ဦး၊ ကြီးကြပ်ဆရာမ ၁၂ ဦးတို့က သင်ကြားပေးလျက် ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## စာအုပ်စာပေ လှူမိတ်ဆွေ

# နေပြည်တော်ကောင်စီနယ်မြေရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄)မှ သင်တန်းသားများအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သွားရောက်တွေ့ဆုံအားပေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသားများအတွက် MRTV DTH စလောင်းနှင့် MRTV DVB–T2 Set Top Box ကို ကံစမ်းမဲဖောက်၍ ပေးအပ်စဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၈**

နေပြည်တော်ကောင်စီ နယ်မြေတွင် ဖွင့်လှစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသားများအား ယနေ့နံနက်ပိုင်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရပ်ရှင်သရုပ်ဆောင်များက သွားရောက် တွေ့ဆုံအားပေးကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိအနေဖြင့် တပ်မတော်သားဘဝကို နှစ်ပေါင်းများစွာ ဖြတ်သန်း၍ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယနေ့အချိန်ထိ တပ်မတော်နှင့် နိုင်ငံတော်အစိုးရက ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်လျက်ရှိပါကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးရမည့်တာဝန်မှာ မွေးရာပါ တာဝန်တစ်ရပ်ဖြစ်သည်ဟု ခံယူကြရန် လိုအပ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင် တစ်ဦးရရှိမည့် အကျိုးကျေးဇူးများအနေဖြင့် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ ရာထူးအဆင့်အလိုက် လစာနှင့် အခြားခံစားခွင့်များရရှိမည့်အပြင် စစ်မှုထမ်းကာလ နှစ်နှစ်ထာဝန်ထမ်းဆောင်ပြီးပါကလည်း နိုင်ငံတော်နှင့် ပြည်သူများက အားကိုးရပြီး ဂုဏ်သိက္ခာရှိသည့် နိုင်ငံသားများအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီအနေဖြင့် မြို့နယ် ရှစ်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ နေထိုင်ကြသည့် နိုင်ငံသားများအနက် ပြည်သူ့စစ်မှုထမ်းရန် ကိုယ်တိုင်ဆန္ဒပြုသူများအား လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက သင်တန်းသားများအနေဖြင့် အမိန့်နာခံတတ်ရန်၊ မိမိနိုင်ငံနှင့် လူမျိုးအပေါ်၊ မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိရန်လိုအပ်ကြောင်း၊ ထို့ပြင် ချမှတ်ထားသည့် ဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများအတွက် MRTV DTH စလောင်း ငါးစုံနှင့် MRTV DVB– T2 Set Top Box ၅၀ ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အတွက် MRTV DTH စလောင်း ငါးစုံနှင့် MRTV DVB – T2 Set Top Box ၅၀ ပေးအပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က လည်းကောင်း၊ သင်တန်းကျောင်းရှိ တပ်ခွဲ(၁၁)ခွဲအတွက် MRTV DTH စလောင်း ၁၁ စုံနှင့် MRTV DVB–T2 Set Top Box ၁၁ လုံး ပေးအပ်ရာ ခေတ္တကျောင်းအုပ်ကြီးက လည်းကောင်း လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပြည်သူ့စစ်မှုထမ်းတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ခေတ္တကျောင်းအုပ်ကြီးတို့က အမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသားများအတွက် MRTV DTH စလောင်း နှစ်စုံနှင့် MRTV DVB–T2 Set Top Box ၃၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့သည် သင်တန်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

## ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

**တောင်ငူ မေ ၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းတပ်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းက အုတ်တွင်းတပ်နယ် နယ်မြေခံသင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်မည့် သင်တန်းသားများ တက်ရောက်သည်။

ရှေးဦးစွာ စစ်ရေးပြကွင်း၌ နယ်မြေခံသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးသည် သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာများနှင့် စာသင်ဆောင်များ ပြင်ဆင်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သင်တန်းသား ၃၉၀ တို့နှင့် တွေ့ဆုံ၍ နှုတ်ခွန်းဆက်အားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သင်တန်းသားများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများ ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



❖ *ရှေ့ဖုံးမှ*

သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများအား စုဖွဲ့၍ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ အလိုက် နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။



**သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်**

အဆိုပါ သင်တန်းဖွင့်ပွဲများတွင် သက်ဆိုင်ရာသင်တန်းကျောင်းအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဖွင့်ပွဲသို့ တက်ရောက်အားပေးချီးမြှင့်ကြကာ သင်တန်းသားများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြသည်။

**သင်တန်းသားများအတွက် ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်**

သင်တန်းဖွင့်ပွဲများအပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက သင်တန်းသားများအတွက် ထောက်ပံ့ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) တွင် တက်ရောက်ကြမည့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်တွင် နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။ ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအနေဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာခဲ့ကြသူများ ဖြစ်ကြပြီး နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို လေးစားဂုဏ်ယူစွာဖြင့် ထမ်းဆောင်ကြတော့မည်ဖြစ်ကာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)မှ သင်တန်းသားများနှင့် တာဝန်ရှိသူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရသည်-

ကျွန်တော်တို့ ဒီပြည်သူ့စစ်မှုထမ်းမွမ်းမံသင်တန်းစတင်ဖွင့်လှစ်မယ်ဆိုတဲ့ အခါမှာ ကျွန်တော်တို့ နည်းပြတွေစပြီးတော့ စုဖွဲ့ရပါတယ်။ စုဖွဲ့ပြီးတဲ့အခါမှာ နည်းပြတွေ စနစ်တကျသင်ကြားပေးနိုင်ဖို့အတွက် မွမ်းမံသင်တန်းတွေ ဖွင့်လှစ်တယ်။ ဖွင့်လှစ်ပြီးတော့မှ သင်တန်းသားတွေနဲ့ အခုသင်ကြားပေးရမယ့် အခြေခံ စစ်ရေးပြ၊ လက်နက်ငယ်ပြီးရင် ပြည်သူ့စစ်သင်တန်းမှာ သင်ကြားပေးရမယ့် ဘာသာရပ်အလိုက် နည်းပြတွေစုဖွဲ့ပြီးတော့မှ စနစ်တကျနဲ့ သင်ကြားပေးနိုင်ဖို့အတွက် အားလုံးဆောင်ရွက်ထားပါတယ်။ အရပ်သားတွေဖြစ်တဲ့အတွက် သူတို့တွေ စစ်ပုံကျနမှုရှိစေရေးအတွက် ပထမဦးဆုံး သူတို့ရောက်လာပြီဆိုတာနဲ့ ယူနီဖောင်းစတင်ဝတ်ဆင်မယ်ဆိုရင် ဖိနပ်မှအစ ဦးထုပ်အဆုံးပေါ့၊ ယူနီဖောင်းတွေစနစ်တကျ ဝတ်ဆင်ရေး၊ ဖိနပ်တွေ စနစ်တကျစီးတတ်စေရေး၊ ပြီးရင် ချပ်ဝတ်တန်ဆာပလာတွေကို စနစ်တကျနဲ့ ဝတ်ဆင်တတ်စေဖို့အတွက် နည်းပြ အရာရှိ၊ နည်းပြ ဆရာကြီးတွေ ကြီးကြပ်ပြီးတော့မှ သူတို့ကို အသေးစိတ်သင်ကြားပြသလေ့ကျင့်ပေးခဲ့ပါတယ် ခင်ဗျာ။ သူတို့အတွက် ဒီသင်တန်းကနေ ပြီးတော့မှ အတွေ့အကြုံတွေ အများကြီးရရှိမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ ဘာတွေ ရရှိမယ်ဆိုလို့ရှိရင် အရပ်သားဘဝကနေ စစ်မှုထမ်းဘဝကို ကူးပြောင်းလာတာဖြစ်တဲ့အတွက် နံပါတ်တစ် သူတို့ရဲ့ ခန္ဓာကိုယ်ပိုင်းဆိုင်ရာတွေ ကြံ့ခိုင်လာမယ်။ အဲ့ဒါပြီးရင် သူတို့တွေ အသင်းအဖွဲ့နဲ့ လုပ်ဆောင်တတ်လာမယ်။ ဒါ့အပြင် အချိန်ကိုက် စစ်သင်တန်းဖြစ်တဲ့အတွက် သူ့ရဲ့ သက်မှတ်ချိန်အတိုင်း ဆောင်ရွက်ရတာဖြစ်တဲ့အတွက် သူတို့တွေသည် အချိန်ကိုက်လုပ်ဆောင်တတ်လာမယ်။ အဲ့ဒါအပြင် မိမိတို့ ဒီမှာရှိတဲ့ တစ်နေရာစီကနေလာရောက်ကြတာ၊ လာရောက်ပြီးတော့ ဒီမှာ စုစည်းပြီး နေရတာဖြစ်တဲ့အတွက် သူတို့ရဲ့ညီရင်း အစ်ကိုပမာ သူတို့တွေတစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင်နေတတ်လာမယ်။ ပြီးတော့မှ ဒီကနေပြီးတော့ သူတို့တွေ စိတ်ဓာတ်နဲ့ ခံယူချက်တွေ မြင့်မားလာဖို့ ကျွန်တော်တို့ သင်ကြားပို့ချပေးလိုက်တဲ့အခါမှာ သူတို့တွေသည် ကိုယ့်ကိုယ်ကိုယ် တန်ဖိုး ထားတတ်လာမယ်။ ကိုယ့်ကိုယ်ကိုယ် ချစ်တက်လာမယ်။ အဲ့ဒီကစပြီးတော့မှ မိမိကိုယ်ကနေမှစ မိမိရဲ့ မိသားစု၊ မိမိရဲ့ မြို့ရွာ၊ မိမိရဲ့နိုင်ငံအထိ သူတို့တွေ တန်ဖိုးထား ချစ်တတ်လာမယ်လို့ ထင်မြင်မိပါတယ်။







**ကိုယ့်ဆန္ဒနဲ့ စာရင်းသွင်းဝင်ခဲ့**

ကျွန်တော်ကတော့ ငယ်ငယ်ကတည်းက ဒီစစ်သားလုပ်ရတာကို စိတ်ဝင်စားပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် ကျွန်တော်ကျောင်းပြီးတဲ့ အချိန်မှာအဖေ၊အမေက သဘောမတူလို့ ကျွန်တော် လျှောက်ခွင့်တောင် မရခဲ့ပါဘူး။ ခုတော့ ဘွဲ့ရပြီးတော့ ကျောင်းပြီးတဲ့အချိန်မှာ ဒီစစ်မှုထမ်းဥပဒေလည်း ထွက်တဲ့အချိန်မှာ ကျွန်တော်အလွန်ဝမ်းသာစွာနဲ့ ကိုယ့်ဆန္ဒနဲ့ကျွန်တော် မြို့နယ်မှာ စာရင်းသွင်းပြီးတော့ ဝင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ပညာအရည်အချင်းကတော့ (Bachelor)ဘွဲ့ကို အမေရိက ကနေကျောင်းပြီးပါတယ်။ မဟာဘွဲ့ကိုတော့ ဥရောပမှာရှိတဲ့ ဘယ်လ်ဂျီယံနိုင်ငံကနေပြီးတော့ ကျောင်းပြီးထားပါတယ်။ ကျွန်တော် ဒါပြီးရင် အခွင့်အရေး ပေးရင်တော့ ဗိုလ်လောင်းသင်တန်း တက်ဖို့အစီအစဉ်ရှိပါတယ်။

**နည်းပေးလမ်းပြ စံပြဖြစ်အောင်**

နိုင်ငံသားတိုင်း ဒီတာဝန်ကို မလွဲမသွေထမ်းဆောင်ရမှာဖြစ်တဲ့အတွက် အစောဆုံး အပတ်စဉ်တွေမှာ ကျွန်တော်တို့သာ တကယ်ကောင်းကောင်းမွန်မွန် ချောချောမွေ့မွေ့ဆိုရင် နောက်လူတွေကိုလည်း နည်းပေးလမ်းပြစံပြဖြစ်အောင်နေလို့ရတယ်လို့ ကျွန်တော်တို့ ခံယူလို့၊ ဒါမိဘကိုလည်း ကိုယ်တိုင် ခွင့်ပန်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးထွေ/အုပ်တွေကနေ တစ်ဆင့် ကျွန်တော်တို့အကုန်လုံးကို အစီအစဉ်တကျ စနစ်တကျအတိုင်း မိမိဆန္ဒအလျောက် ဆန္ဒပြုပြီး လာခဲ့တာပါ။

ကျွန်တော်တို့ မနက်စာဆိုရင် ဒီနေ့မနက်ဆိုရင် ထမင်းကြော်၊ ကြက်ဥနဲ့ လက်ဖက်ရည်နဲ့၊ နေ့လယ်ဆိုရင် ကျွန်တော်တို့ ပုံမှန်စားနေကျဆိုရင် အသားဟင်းရယ်၊ ပဲဟင်းရယ်၊ အစိမ်းကြော်လေး တစ်မျိုးမျိုးပေါ့။ ညနေဘက်ဆိုရင်လည်း ဒီလိုပဲ အသားဟင်းတစ်ခွက်ပါမယ်၊ အစိမ်းကြော်ပါမယ်၊ တစ်ခါတစ်လေ ငါးပိထောင်းပါတယ်။ အချဉ်ဟင်းလေး ဖြစ်ဖြစ်ပေါ့ အဲ့ဒီလိုမျိုး အဆင်ပြေပါတယ်။ နေရာမျိုးစုံကလာတယ်ဆိုပေမယ့် အကုန်လုံးက စနစ်တကျဖြစ်တဲ့အတွက် အကုန်လုံးသန့်သန့်ရှင်းရှင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ စနစ်တကျနေရတယ်။ ရေ၊ မီး ဆိုလည်းအကုန်လုံး လိုအပ်သမျှစီစဉ်ပေးထားတယ်။ အကုန်လုံး ကျွန်တော်ကတော့ ကောင်းတယ်လို့ မြင်ပါတယ် ခင်ဗျာ။ ။



## မွန်ပြည်နယ် ဝန်ကြီးချုပ် ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်ပွဲ တက်ရောက်အားပေး



**မော်လမြိုင် ဧပြီ ၈**

မွန်ပြည်နယ် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက နယ်မြေခံသင်တန်း ကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သင်တန်းကျောင်း ခေတ္တ ကျောင်းအုပ်ကြီး၊ ဗိုလ်မှူးကြီး ဗညားဝင်း နှင့်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသားများအား အားပေးစကား ပြောကြားသည်။**(ဝဲပုံ)**

ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ် နှင့်အဖွဲ့သည် သင်တန်းသားများ၏ အိပ်ဆောင်အတွင်းသို့ လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများက သင်တန်းသားများ အတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ် များ ပေးအပ်ကြရာခေတ္တကျောင်းအုပ်ကြီး နှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် သင်တန်းသားများနှင့် အတူ နံနက်စာကို အတူတကွ သုံးဆောင် ပြီး ရင်းရင်းနှီးနှီး လိုက်လံအားပေး နှုတ်ဆက်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁/ ၂၀၂၄) သင်တန်းသို့ မိမိ သဘော ဆန္ဒအလျောက် စာရင်းပေးသွင်း လာကြသည့် ပြည်သူ့စစ်မှုထမ်း သင်တန်း မှ သင်တန်းသားများ သင်တန်းတက် ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

## တနင်္သာရီတိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲကျင်းပ

**ထားဝယ် ဧပြီ ၈**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး အောင်မျိုးထွန်းနှင့်တာဝန်ရှိသူများ၊ ပြည်သူ့စစ်မှု ထမ်း သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ရဲကျော်ကျော်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းသား များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး**(အောက်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသားများ နေထိုင်မည့် အိပ်ဆောင်များ၊ သင်တန်းခန်းမနှင့် စားရိပ်သာများကို လိုက်လံကြည့်ရှုကာ လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် ထောက်ပံ့ငွေနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





## မကွေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲကျင်းပ

**မကွေး ဧပြီ ၈**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ နယ်မြေခံသင်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိ သူများ တက်ရောက်ကြပြီး ကျောင်းအုပ်ကြီးက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့်အတူ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ကြကာ သင်တန်းသားများ အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**မောင်ညီညာ**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပြည်သူ့စစ်မှုထမ်းသင်တန်းဖွင့်ပွဲ တက်ရောက်ချီးမြှင့်ပေး

**ဟိုပုံး ဧပြီ ၈**

ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့၌ ပြည်သူ့စစ်မှုထမ်း သင်တန်းဖွင့်ပွဲကို ဧပြီ ၈ ရက် နံနက် ၇ နာရီခွဲက နယ်မြေခံ သင်တန်းကျောင်း၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

သင်တန်း ဖွင့်ပွဲတွင် တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်က အမှာ စကား ပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ကြ သည်။**(အပေါ်ပုံ)**



ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသားများ အိပ်ဆောင်၊ ရေချိုးခန်း၊ စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁/ ၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ

**စဉ့်ကူး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်၌ ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီ က နယ်မြေခံသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် မင်းမင်းထွန်းက အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲသို့ သပိတ်ကျင်း တပ်နယ်မှ အရာရှိကြီးများ၊ သပိတ်ကျင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စဉ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မတ္တရာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ လုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**ရန်ကုန် ဧပြီ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အစည်းအဝေးခန်းမ၌ ရန်ကုန်လေဆိပ်တွင် တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရန်ကုန်လေဆိပ် Operator လုပ်ကိုင်နေသည့် Yangon Aerodrome Company Limited – YACL မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



**လုပ်ထုံး/ လုပ်နည်း ဝန်ဆောင်မှုပေး**

တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက လက်ရှိလေဆိပ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ပြန်လည်ရှင်းလင်း ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်လေဆိပ်သည် မိမိနိုင်ငံအတွင်းသို့ ပြည်ပမှ လေကြောင်းခရီးဖြင့် ခရီးသည်များစွာ ဝင်ရောက်ထွက်ခွာသည့် အဓိကဝင်ပေါက်နေရာဖြစ်ကြောင်း၊ ပြည်တွင်း/ ပြည်ပ ခရီးသွားများ အဆင်ပြေလုံခြုံစိတ်ချစွာ သွားလာနိုင်ရေးသည် အဓိကလုပ်ငန်း တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ထို့ပြင် လေကြောင်းမှ သတ်မှတ်ခွင့်ပြုကုန်ပစ္စည်းများကို နိုင်ငံတကာမှတင်သွင်းခြင်းနှင့် နိုင်ငံတကာသို့ တင်ပို့ခြင်း လုပ်ငန်းများကို လုပ်ထုံး/ လုပ်နည်းနှင့်အညီ ဝန်ဆောင်မှုပေးနေရသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နေရကြောင်း။

လေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေရသည့် ဝန်ထမ်းများအနေဖြင့်လည်း လေဆိပ်ပတ်ဝန်းကျင်နှင့် လေဆိပ်အတွင်း မသမာသူများဝင်ရောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်မှု မရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လေကြောင်းမှ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်သားပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်တင်သွင်းမှုများ အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်ရေးအတွက် လေဆိပ်၌ တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် လေဆိပ် Operator တို့ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ အခက်အခဲလိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက လုပ်ငန်းများနှင့် ပတ်သက်၍ ထုတ်ပြန် ထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်သွားကြရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်လေဆိပ် ပြည်တွင်း/ ပြည်ပ ခရီးသည်များအတွက် ထွက်ခွာ/ ဆိုက်ရောက်သည့် Terminal 3 ၊ ကုန်ပစ္စည်းများ ရောက်ရှိ၊ တင်ပို့သည့် Cargo Terminal နှင့် ပြည်ပခရီးသည်များ ထွက်ခွာ/ဆိုက်ရောက်သည့် Terminal 1 တို့တွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး(ဝဲပုံ) လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆူးလေဆိပ်ခံတံတား အမှတ် ၆ (SPW-6) မှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၂၅၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့ လည်းကောင်း၊ TMT ဆိပ်ကမ်းမှ MV. TAY SON-4 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ ကို ထိုင်းနိုင်ငံသို့ လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP-2) MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၂၇၅၀၀ ကို အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL – 20 သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း တင်ပို့သွားမည်ဖြစ်သည်။

ထို့ပြင် MITT-1 ဆိပ်ကမ်းမှ MV. MAERSU DAVAO သင်္ဘောသည် ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်များကို ကုန်သေတ္တာ ၆၂၀ လုံးဖြင့် မလေးရှားနိုင်ငံသို့လည်းကောင်း၊ AWPT ဆိပ်ကမ်းမှ MV. SITC CHENMING သင်္ဘောသည် ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီးအဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်းနှင့် ရော်ဘာများကို ကုန်သေတ္တာ ၅၃၃ လုံးဖြင့် ဗီယက်နမ်နိုင်ငံသို့လည်းကောင်း တင်ဆောင်ပြီး ထွက်ခွာမည်ဖြစ်သည်။

အလားတူ ဧပြီ ၉ ရက်တွင် MHM ဆိပ်ကမ်းမှ MV.MCL – 8 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL– 7 သင်္ဘောဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့ လည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် AIPT-3 ဆိပ်ကမ်းမှ MV. RAINBOW SYMPHONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၆၆၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့ လည်းကောင်း ဆက်လက်တင်ပို့သွားမည် ဖြစ်ကြောင်းနှင့် ဧပြီ ၇ ရက်တွင်လည်း SPW-3 ဆိပ်ကမ်းမှ MT. TURAN C သင်္ဘောဖြင့် ဆန်တန်ချိန် ၁၂၀၀၀ကို စပိန်နှင့် ကင်မရွန်းနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်း လုပ်ငန်းစဉ်များအကြောင်း သိကောင်းစရာ

**ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ မြန်မာနိုင်ငံမှာ ၁၉၅၉ ခုနှစ်ကတည်းက တည်ရှိခဲ့တာပါ။ ၂၀၁၀ ပြည့်နှစ်မှာတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအသစ်ကို ပြဋ္ဌာန်းခဲ့ပေမယ့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှသာ ဥပဒေအသက်ဝင်လာတာဖြစ်ပါတယ်။ နိုင်ငံသားတိုင်းဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ရှိတဲ့အတွက် ဒီတာဝန်ကို ထမ်းဆောင်နိုင်ရေး စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ဖို့ ဥပဒေပြဋ္ဌာန်းရခြင်း ဖြစ်ပါတယ်။**

မင်းခန့်ကျော်(ဥပဒေ)

ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းကို ပြည်သူတွေသိရှိနိုင်ဖို့အတွက် ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာ ရှင်းလင်းဖော်ပြတာတွေ၊ ဆွေးနွေးပွဲပြုလုပ်တာတွေ၊ လက်ကမ်းစာစောင်ဖြန့်ဝေတာတွေ၊ ဆက်သွယ်ရေးအော်ပရေတာတွေကနေ SMS ပို့ပြီး ရှင်းလင်းဖော်ပြတာတွေ လုပ်ဆောင်ခဲ့ပေမယ့်လည်း ပြည်သူတွေကြားမှာ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်လို့ သို့လောသို့လောနဲ့ ရှင်းရှင်းလင်းလင်း မသိရှိကြသေးတာကိုလည်း တွေ့နေရပါတယ်။ ဒါ့ကြောင့်မို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်တွေအကြောင်း သိကောင်းစရာတွေကို ရေးသားဖော်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်တဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နည်းဥပဒေမထုတ်ပြန်မီမှာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့အညီ ရေးဆွဲထားတဲ့ ဒီလုပ်ထုံးလုပ်နည်းတွေထဲမှာပါတဲ့ သတ်မှတ်ချက်တွေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်တွေကို ရှင်းလင်းဖော်ပြသွားမှာ ဖြစ်ပါတယ်။

ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့တွေအနေနဲ့ မိမိရပ်ကွက်၊ ကျေးရွာအုပ်စုမှာ နေထိုင်တဲ့ နိုင်ငံသားတွေအနက် စစ်မှုထမ်းရမယ့် အသက်အရွယ်ရောက်သူတွေရဲ့ စာရင်းကို ကောက်ယူပြုစုပြီး ဗဟိုအဖွဲ့က သတ်မှတ်ပေးတဲ့နေ့မှာ **ပုံစံ (၁)**နဲ့ မြို့နယ်အဖွဲ့ကို ပေးပို့ရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့တွေက ပေးပို့လာတဲ့ **ပုံစံ(၁)**မှာ ပါဝင်သူတွေကို မှတ်ပုံတင်စာရင်းသွင်းဖို့အတွက် **ပုံစံ (၂)**နဲ့ ဆင့်ခေါ်မှာဖြစ်ပါတယ်။

ဆင့်ခေါ်ခြင်းခံရသူက ကိုယ်တိုင်လာရောက်တယ်ဆိုရင် **ပုံစံ (၃-က)**ကို ဖြည့်စွက်ခိုင်းပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရမှာဖြစ်ပါတယ်။

ဆင့်ခေါ်ခြင်းခံရသူက ကိုယ်တိုင်မလာရောက်နိုင်လို့ ကိုယ်စားလာရောက်သူကို **ပုံစံ (၃-ခ)**ကို ဖြည့်စွက်ခိုင်းပြီး မှန်ကန်ကြောင်း လက်မှတ်ရေးထိုးစေရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ **ပုံစံ(၃-က)**၊ **ပုံစံ(၃-ခ)** ဖြည့်စွက်ပြီးသူတွေကို **ပုံစံ(၄)**မှာ မှတ်ပုံတင်စာရင်းရေးသွင်းရမှာ ဖြစ်ပါတယ်။ **ပုံစံ(၄)**မှာ အောက်ကဏ္ဍရပ်တွေအလိုက် **ပုံစံ(၄-က)**၊ **(၄-ခ)**၊ **(၄-ဂ)**၊ **(၄-ဃ)** ဆိုပြီး လေးမျိုးခွဲခြားထားပါတယ်-

(က) ပြည်သူ့စစ်မှုထမ်းဖို့ မိမိဆန္ဒအလျောက် ဆန္ဒပြုသူတွေ၊ ပုံစံ(၄-က)

( ခ ) ကင်းလွတ်ခွင့်ရရှိသူအမျိုးအစားနဲ့ ယာယီရွှေ့ဆိုင်းခွင့် လျှောက်ထားနိုင်သူ အမျိုးအစားတို့တွင် အကျုံးမဝင်သူတွေ၊ပုံစံ(၄-ခ)

( ဂ ) ယာယီရွှေ့ဆိုင်းခွင့် လျှောက်ထားနိုင်သူအမျိုးအစားတွင် အကျုံးဝင်သူတွေ၊ ပုံစံ (၄-ဂ)

(ဃ) ကင်းလွတ်ခွင့်ရရှိသူ အမျိုးအစားတွင် အကျုံးဝင်သူများ။ ပုံစံ(၄-ဃ)

မြို့နယ်အဖွဲ့အနေနဲ့ **ပုံစံ(၄)**တွေမှာ မှတ်ပုံတင်စာရင်းသွင်းပြီးသူတွေကို **ပုံစံ(၅)**နဲ့ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ **ပုံစံ (၄)**တွေမှာ ပါတဲ့စာရင်းကို သက်ဆိုင်ရာ နေပြည်တော်အဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့တွေကတစ်ဆင့် ဗဟိုအဖွဲ့ကို ပေးပို့ရမှာဖြစ်ပါတယ်။


ဗဟိုအဖွဲ့အနေနဲ့ မြို့နယ်အဖွဲ့ကပေးပို့လာတဲ့ စာရင်းတွေကို စိစစ်ပြီး ဆေးစစ်ဆေးဖို့ ဆင့်ခေါ်ရမယ့်သူအရေအတွက်ကို သတ်မှတ်ပေးကာ မြို့နယ်အဖွဲ့ကို အဆင့်ဆင့်ပေးပို့ရမှာဖြစ်ပါတယ်။

မြို့နယ်အဖွဲ့အနေနဲ့ ဗဟိုအဖွဲ့က သတ်မှတ်ပေးတဲ့ လူအရေအတွက်ကို ဆေးစစ်ဖို့အတွက် **ပုံစံ (၆)**နဲ့ ဆင့်ခေါ်ရမှာဖြစ်ပါတယ်။

ဆေးစစ်ဖို့ ဆင့်ခေါ်ခြင်းခံရသူတွေကို တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့နဲ့ ဆေးစစ်ဆေးမှာဖြစ်ပါတယ်။


*စာမျက်နှာ ၁၁ သို့*











စာမျက်နှာ ၁၀ မှ

[illegible]

ဆေးစစ်ဆေးမှုခံယူပြီးတဲ့သူတွေအနေနဲ့ ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ရဲ့ အတည်ပြုချက်ရတဲ့နေ့ကစလို့ ခုနစ်ရက်အတွင်း ကင်းလွတ်ခွင့်၊ ကာလအပိုင်းအခြားလျှော့ပေါ့ခွင့်၊ ကာလအပိုင်း အခြားတစ်ခုအထိ ရွှေ့ဆိုင်းခွင့်တို့ကို လျှောက်ထားရမှာဖြစ်ပါတယ်။ ကင်းလွတ်ခွင့်လျှောက်ထားမယ်ဆိုရင်တော့ **ပုံစံ(၇-က)**နဲ့လျှောက်ထားရမှာဖြစ်ပါတယ်။ **ဥပဒေအရ ကင်းလွတ်ခွင့်ရသူတွေ**ကတော့-


- သာသနာ့ဝန်ထမ်းတွေ၊
- အိမ်ထောင်သည်အမျိုးသမီးတွေ၊ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်ပါတယ်)
- ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူတွေ၊
- တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူတွေနဲ့
- ပြည်သူ့စစ်မှုထမ်းဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်ပြီး ကင်းလွတ်ခွင့်ပြုထားသူတွေပဲ ဖြစ်ပါတယ်။


*စာမျက်နှာ ၁၂ သို့*


စာမျက်နှာ ၁၁ မှ













အဲဒီအထဲမှာ ဗဟိုအဖွဲ့က **အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ထပ်မံကင်းလွတ်ခွင့်ပြုထားသူတွေကတော့**–

- ဉာဏ်အရည်အသွေးမမီတာနဲ့ အကျင့်စာရိတ္တပျက်ပြားတာတွေကြောင့် စစ်မှုထမ်းဖို့ မသင့်လျော်သူတွေ၊
- ဆေးစစ်ဆေးမှုသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူ၊ စိတ်ပေါ့သွပ်သူလို့ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ခြင်းခံရသူတွေ၊
- နိုင်ငံအတွက်တာဝန်ထမ်းဆောင်နေပြီး အစားထိုးဖို့မဖြစ်နိုင်သေးတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊
- တိုက်ပွဲမှာကျဆုံးခဲ့တဲ့ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်အဖွဲ့ဝင်တွေရဲ့ သားသမီးအရင်းအချာတွေ၊
- အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲတွေမှာ နိုင်ငံ့ဂုဏ်ဆောင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်တစ်ခုခု ရရှိထားတဲ့ အားကစားသမားတွေ၊
- နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေပြီး တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နဲ့ အထက်ရှိတဲ့ ဆရာဝန်နဲ့သူနာပြုတွေ၊
- တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နဲ့အထက်ရှိတဲ့ တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းတွေ၊
- ကင်းလွတ်ခွင့်ပြုဖို့ မဖြစ်မနေ လိုအပ်နေသူတွေအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူတွေပဲဖြစ်ပါတယ်။

စစ်မှုထမ်းရမယ့် ကာလအပိုင်းအခြားကို လျှော့ပေါ့ပေးဖို့ လျှောက်ထားမယ်ဆိုရင်တော့ **ပုံစံ(၇–ခ)**နဲ့လျှောက်ထားရမှာ ဖြစ်ပါတယ်။ ကာလအပိုင်းအခြား **လျှော့ပေါ့ပေးတာနဲ့ပတ်သက်လို့ ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ထားတဲ့အချက်တွေကတော့**–

- လျှောက်ထားသူရဲ့ မိဘနှစ်ပါးစလုံးဟာ နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ရင်၊ သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ရင် လျှောက်ထားသူကို ဥပဒေအရထမ်းဆောင်ရမယ့် ကာလရဲ့တစ်ဝက်ကို လျှော့ပေါ့ပေးနိုင်ခြင်း၊
- လျှောက်ထားသူရဲ့ မိဘနှစ်ပါးအနက် တစ်ဦးဦးဟာ နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ရင်၊ သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ရင် လျှောက်ထားသူကို ဥပဒေအရထမ်းဆောင်ရမယ့် ကာလရဲ့ သုံးပုံတစ်ပုံကို လျှော့ပေါ့ပေးနိုင်ခြင်း၊
- ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ တာဝန်ထမ်းဆောင်နေတဲ့ ကာလအတွင်းမှာ ထိခိုက်ဒဏ်ရာရရှိခဲ့မယ်ဆိုရင် ထိခိုက်ဒဏ်ရာရရှိတဲ့နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ဖို့ ကျန်ရှိနေတဲ့ကာလကို လျှော့ပေါ့ပေးနိုင်ခြင်းဆိုတဲ့အချက်တွေပဲဖြစ်ပါတယ်။

သီးခြားဖော်ပြထားတဲ့ ကာလအပိုင်းအခြားအထိ ရွှေ့ဆိုင်းပေးဖို့ လျှောက်ထားမယ်ဆိုရင်တော့ **ပုံစံ(၇–ဂ)**နဲ့လျှောက်ထားရမှာဖြစ်ပါတယ်။ **ပြည်သူ့စစ်မှုထမ်းရမယ့် တာဝန်ကနေ ယာယီရွှေ့ဆိုင်းခွင့်လျှောက်ထားနိုင်သူတွေကတော့**–

- ယာယီအားဖြင့် စစ်မှုထမ်းနိုင်မယ့် ကျန်းမာရေးအဆင့်မမီကြောင်း တပ်မတော် ဆေးစစ်ဆေးရေးဘုတ်အဖွဲ့ရဲ့ ထောက်ခံချက်ရရှိထားသူတွေ၊
- နိုင်ငံ့ဝန်ထမ်းတွေ၊

စာမျက်နှာ ၁၃ သို့

*စာမျက်နှာ ၁၂ မှ*

- ပညာသင်ကြားနေသူတွေ၊ (ပညာသင်ကြားနေသူတွေလို့ဆိုတဲ့အခါမှာ တရားဝင်အသိအမှတ်ပြုထားတဲ့ ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနဲ့ ကျောင်းတွေမှာ ပညာသင်ကြားနေတယ်ဆိုတာ ခိုင်လုံတဲ့ အထောက်အထား တင်ပြနိုင်သူတွေကို ဆိုလိုတာပဲဖြစ်ပါတယ်)၊
- အခြားပြုစုစောင့်ရှောက်မယ့်သူ မရှိတဲ့ မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေ၊ (အခြားပြုစုစောင့်ရှောက်မယ့်သူ မရှိတဲ့ မိအိုဖအိုတွေကို ပြုစုလုပ်ကျွေးနေသူတွေ ဆိုတာကတော့ ရုပ်ပိုင်းဆိုင်ရာ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့တဲ့ပြီး တစ်ပါးသူရဲ့ အကူအညီမပါဘဲ မိမိကိုယ်တိုင် ရပ်တည်နိုင်ဖို့မဖြစ်နိုင်တဲ့ အတူနေ အမိအရင်း၊ အဖအရင်းတွေကို ပြုစုစောင့်ရှောက်နေရသူတွေကို ဆိုလိုတာပဲဖြစ်ပါတယ်)၊
- မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေ၊ (မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေ ဆိုတာကတော့ မူးယစ်ဆေးဝါးသုံးစွဲသူဟာ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်တဲ့ဌာန၊ ဂေဟာ ဒါမှမဟုတ် အစိုးရက အသိအမှတ်ပြုဆေးကုသဌာန၊ ဂေဟာမှာ မူးယစ်ဆေးဝါးဖြတ်ဖို့ ဆေးကုသမှုခံယူနေသူတွေကို ဆိုလိုတာပဲဖြစ်ပါတယ်)၊
- ထောင်ဒဏ်ကျခံနေသူတွေပဲ ဖြစ်ပါတယ်။

ကာလအပိုင်းအခြားတစ်ခုအထိ **ရွှေ့ဆိုင်းပေးတာနဲ့ပတ်သက်လို့ ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ထားတဲ့အချက်တွေကတော့**-

- ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိတဲ့နေ့မှ သတ်မှတ်ထားတဲ့နေ့ရက်အတွင်း သတင်းပို့တာမလုပ်ရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးဖြစ်စေ၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးဖြစ်စေ ရုတ်တရက်သေဆုံးသွားခြင်း၊
- ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိတဲ့နေ့မှ သတ်မှတ်ထားတဲ့နေ့ရက်အတွင်း သတင်းပို့တာမလုပ်ရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူရဲ့ ပယောဂကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်း တစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း၊
- ဥပဒေနဲ့အညီ ချုပ်နှောင်ခံနေရသူ၊ တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း၊
- နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း၊
- ပြည်သူ့စစ်မှုထမ်းရမယ့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်းဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။


ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်တွေကိုတော့ သတ်မှတ်ထားတဲ့ပုံစံတွေနဲ့ မြို့နယ်အဖွဲ့ကို လျှောက်ထားရမှာဖြစ်ပြီး အထောက်အထား စာရွက်စာတမ်းတွေ ပူးတွဲပေးရမှာ ဖြစ်ပါတယ်။


မြို့နယ်အဖွဲ့အနေနဲ့ လျှောက်ထားမှုတွေကို သတ်မှတ်ချက်နဲ့အညီ စိစစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့တို့ထံ ဆက်လက်တင်ပြရမှာဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့တို့ကလည်း ဗဟိုအဖွဲ့ထံကို ဆက်လက်တင်ပြရမှာဖြစ်ပါတယ်။


ဗဟိုအဖွဲ့အနေနဲ့ လျှောက်ထားလာတာတွေနဲ့ ပတ်သက်လို့ ကင်းလွတ်ခွင့်ကို **ပုံစံ(၈-က)**၊ လျှော့ပေါ့ခွင့်ကို **ပုံစံ(၈-ခ)**၊ ရွှေ့ဆိုင်းခွင့်ကို **ပုံစံ(၈-ဂ)**တို့နဲ့ လျှောက်ထားသူကို ထုတ်ပေးရမှာ ဖြစ်ပါတယ်။ လျှောက်ထားမှုတွေကို ငြင်းပယ်မယ်ဆိုရင်တော့ **ပုံစံ(၉)**နဲ့ လျှောက်ထားသူကို အကြောင်းကြားရမှာဖြစ်ပါတယ်။


ပုံစံ (၈-က)


ပုံစံ (၈-ခ)


ပုံစံ (၈-ဂ)


ပုံစံ(၉)


ပုံစံ(၁၀)

ဗဟိုအဖွဲ့ရဲ့ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းတွေ အပြီးသတ်ဆောင်ရွက်ပြီးရင် ပြည်သူ့စစ်မှုထမ်းဖို့ အမိန့်စာဆင့်ခေါ်ရမယ့် လူစာရင်းကို သက်ဆိုင်ရာ မြို့နယ်အဖွဲ့ကို ပြန်လည်ပေးပို့ရမှာဖြစ်ပါတယ်။ မြို့နယ်အဖွဲ့အနေနဲ့ ဗဟိုအဖွဲ့ကပေးပို့တဲ့စာရင်းမှာ ပါတဲ့သူတွေကို သတင်းပို့ရမယ့် တပ်/ဌာနကို သတ်မှတ်ပေးပြီး သတင်းပို့ဖို့ **ပုံစံ(၁၀)**နဲ့ အမိန့်စာ ပေးပို့ရမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ စစ်မှုထမ်းဆောင်နေတဲ့ ကာလအတွင်း ၎င်းရဲ့ တာဝန် ထမ်းဆောင်တဲ့ အဆင့်အလိုက် တပ်မတော်မှာ သတ်မှတ်ထားတဲ့ စစ်မှုထမ်းစည်းမျဉ်းနဲ့အညီ လစာနဲ့စရိတ်ကို ခံစားခွင့် ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ ကျဆုံးခြင်း၊ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းတွေ ရှိခဲ့မယ်ဆိုရင်လည်း သတ်မှတ်ချက်တွေနဲ့အညီ အကျိုးခံစားခွင့်တွေကို ရရှိမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးဟာ ဥပဒေအရ သတ်မှတ်ကာလ ပြည့်တဲ့အထိ တာဝန်ထမ်းဆောင်ပြီးလို့ မိမိသဘောဆန္ဒအလျောက် တပ်မတော်မှာ ဆက်ပြီးအမှုထမ်းဆောင်လိုတယ်ဆိုရင် သတ်မှတ်တဲ့ စစ်မှုထမ်းကာလမပြည့်မီ သုံးလကြိုတင်ပြီး သတ်မှတ်ချက်တွေနဲ့အညီ **ပုံစံ(၁၁)**နဲ့ လျှောက်ထားနိုင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုရင်တော့ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းရဲ့ သဘောတူညီချက်နဲ့ လျှောက်ထားရမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၄ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး အခမ်းအနား တက်ရောက်ဟောပြော





**နေပြည်တော် မေ ၆**

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် အလို့ငှာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်နှင့် စစ်ပညာသင်ကြားရန် ပြည်သူ့စစ်မှုထမ်းဥပဒေအား ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ (၁၀) ရက်၊ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၄) ဖြင့် အာဏာတည်သည့်ရက်အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ပြဋ္ဌာန်းခြင်းမျိုး မဟုတ်ဘဲ ကမ္ဘာ့နိုင်ငံအများအပြား၌ ပြဋ္ဌာန်းကျင့်သုံးလျက် ရှိကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ကင်းလွတ်ခွင့်ရရှိသူများ၊ ယာယီရွှေ့ဆိုင်းခွင့်ရှိသူများ၊ စစ်မှုထမ်းဆောင်ရမည့် အသက်အပိုင်းအခြားများ၊ စစ်မှုထမ်းကာလ၊ စစ်မှုထမ်းကာလအတွင်း အကျိုးခံစားခွင့်တို့ကို ဝန်ထမ်းများသိရှိရန် ရှင်းလင်းချပြသွားမည် ဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများနှင့် အဖျက်အမှောင့်မီဒီယာများတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖော်ပြနေသည့်အတွက် ဝန်ထမ်းများအနေဖြင့် အယုံမလွယ်စေရေး ဥပဒေပါအချက်အလက်များ၊ ပြဋ္ဌာန်းချက်များကို မိမိဝန်ကြီးဌာနမှ ဝန်ထမ်းနှင့်မိသားစုဝင်များသိရှိရန် လိုအပ်ကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေကို နည်းအမျိုးမျိုးဖြင့် လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေပြီး နှောင့်ယှက်ဆောင်ရွက်ခြင်းများ ရှိသည့်အတွက် မိသားစုဝင်များအနေဖြင့် စိုးရိမ်ပူပန်မှုများ ရှိနိုင်ပါကြောင်း ၊ စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ကင်းလွတ်ခွင့်ပြုသူများ၊ ရွှေ့ဆိုင်းခွင့်ပြုနိုင်သူများ၊ လျော့ပေါ့ခွင့်ပြုနိုင်သူများ၏ စည်းကမ်းသတ်မှတ်ချက် နောက်ဆုံးအခြေအနေကို ပြည်သူများ သိရှိအောင် သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေကို လိုက်နာရသကဲ့သို့ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကိုလည်း လိုက်နာရန်လိုပါကြောင်း၊ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများ သိရှိလိုက်နာနိုင်ရေးအတွက် စစ်မှုထမ်းဥပဒေပါ ရည်ရွယ်ချက်များ၊ ပြဋ္ဌာန်းချက်များကို လက်ဆင့်ကမ်းမျှဝေပေးခြင်းဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ ကျေပွန်စွာထမ်းဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**



## ရွှေသောင်ယံမြို့ သဲကုန်းကျေးရွာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာအသိပညာပေး

**ရွှေသောင်ယံ မေ ၆**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ သဲကုန်းကျေးရွာတွင် ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမင်းသန့်နိုင် ဦးဆောင်သော မြို့နယ်ဌာနဆိုင်ရာများပါဝင်သော အဖွဲ့နှင့် မြို့အုပ်ချုပ်ရေးမှူးနှင့် မြို့အဆင့်ဌာနဆိုင်ရာများက သဲကုန်းကျေးရွာရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲကို ဆောင်ရွက်သည်။

ရှေးဦးစွာ ဆွေးနွေးပွဲတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ လက်ကမ်းစာစောင်များကို တက်ရောက်လာကြသော ပြည်သူလူထုအား ဝန်ထမ်းများက လိုက်လံဝေငှပေးခဲ့ကြသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်းသည့် သိကောင်းစရာများကို ဗိုလ်မှူးမင်းသန့်နိုင်က ရှင်းလင်းပြောကြားရာ စစ်မှုထမ်းဥပဒေဆိုင်ရာအချက်များကို ပြည်သူများ တိတိကျကျနားလည်စေရန် ရှင်းလင်းပြောကြားသည်။

အသိပညာပေးဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ သဲကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ရွှေသောင်ယံ(ပြန်/ဆက်)**







*စာမျက်နှာ ၁၃ မှ*

ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူ့စစ်မှုထမ်းအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းရဲ့ ခံစားခွင့်တွေနဲ့ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့နဲ့ ညှိနှိုင်းသတ်မှတ်ပေးမှာဖြစ်ပါတယ်။ အလုပ်သမားတစ်ဦးအတွက် ဆိုရင်လည်း သက်ဆိုင်ရာအလုပ်ရှင်အနေနဲ့ သက်ဆိုင်ရာဥပဒေက သတ်မှတ်ပေးထားတဲ့ ခံစားခွင့်ကိုရရှိအောင် စီစဉ်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးဆုံးတဲ့ အလုပ်သမားကို မူလအလုပ်အကိုင်ပြန်လည်ရရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ပေး ရမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးဟာ ဥပဒေအရ သတ်မှတ်ကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးတဲ့အခါမှာတော့ ပြည်သူ့စစ်မှုထမ်းတာဝန်ပြီးမြောက်ကြောင်းလက်မှတ်ကို ပုံစံ (၁၂) နဲ့ ထုတ်ပေးမှာ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းအဖြစ် သတ်မှတ်ကာလ ပြည့်တဲ့အထိ တာဝန်ထမ်းဆောင်ခဲ့သူဟာ နိုင်ငံတော်ရဲ့ ထိုက်သင့်တဲ့ ချီးမြှင့်မှုကို ခံစားခွင့်ရရှိနိုင်မှာဖြစ်ကြောင်း ရေးသားဖော်ပြအပ်ပါတယ်။ ။

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်အခမ်းအနားနှင့် “မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃ - ၂၀၂၇) အသိပေးမိတ်ဆက်ခြင်း” အခမ်းအနားကျင်းပ



**နေပြည်တော် ဧပြီ ၈**

၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization) စတင်တည်ထောင်ခဲ့သည့်နေ့ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် ၁၉၅၀ ပြည့်နှစ်မှ စတင်သတ်မှတ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများက အဆိုပါနေ့ရက်ကျရောက်တိုင်း ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆိုင်ရာ အခမ်းအနားများနှင့် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့် ပြဿနာများကို စုပေါင်းဖြေရှင်းရန်အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ကျန်းမာရေးဆိုင်ရာ လုပ်ငန်းဆောင်တာများကို အစီအစဉ်ချမှတ်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် နှိုးဆော်တိုက်တွန်းလေ့ရှိကြောင်း၊ ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ကျန်းမာရေးကို ထိခိုက်စေမှုများသည် ပိုမိုများပြားလာနေကြောင်း၊ လူသားတိုင်း ကျန်းမာရေး စောင့်ရှောက်မှုကို ရယူပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ သတင်းအချက်အလက် ရယူပိုင်ခွင့်တို့ကို ရရှိနိုင်ရေးအတွက် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်အဖြစ် “My Health, My Right” ကို သတ်မှတ်ပေးခဲ့ပြီး မြန်မာဘာသာဖြင့် “လူတိုင်း လူတိုင်း ကျန်းမာဖို့၊ ကိုယ်စီပါဝင် ဆောင်ရွက်စို့” ဟု ဆီလျော်အောင် ဘာသာပြန်ဆိုထားပါကြောင်း။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်တွင် အလေးထားတင်ပြထားသည့်အချက်မှာ လူတိုင်း ရောဂါဘယကင်းရှင်းပြီး ကျန်းမာစွာဖြင့် လူ့သက်တမ်းစေ့ နေနိုင်ရေးအတွက် အခြေခံကျပြီး အရည်အသွေးပြည့်ဝသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုများကို အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး လူတိုင်းလက်လှမ်းမီ ရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးစေလိုခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး” ဆိုသော ဦးတည်ချက်ကို ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အဓိကတာဝန်ယူဆောင်ရွက်နေသည့် ဝန်ကြီးဌာနအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အစီအစဉ်အရ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကိုပြသပြီး ပြည်သူ့ကျန်းမာရေး လုပ်ငန်းစွမ်းဆောင်ရည် အကောင်းဆုံး တိုင်းဒေသကြီး/ပြည်နယ်ဆုများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ကျန်းမာရေးဝန်ကြီးဌာန လှုပ်ရှားဖြူများက အကအလှများဖြင့် ဖျော်ဖြေကြသည်။


ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲ ၁ နာရီတွင် “မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) အသိပေးမိတ်ဆက်ခြင်း” အခမ်းအနားကို အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ကံကောင်းက မဟာဗျူဟာစီမံကိန်း ပြုစုရေးဆွဲရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (မကူးစက်) ဒေါက်တာသီတာဝင်းက မဟာဗျူဟာစီမံကိန်း အကျဉ်းချုပ်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အသိပေးမိတ်ဆက်ခြင်း အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ စီမံချက်မန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ယနေ့ ညနေပိုင်းတွင် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစား စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥရောပအာရှစီးပွားရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့မှု၊ နှစ်နိုင်ငံ အစိုးရ-ပုဂ္ဂလိကများအကြား နီးကပ်စွာ ပူးပေါင်း၍ ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်နေမှု၊ ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် ကော်မရှင်တွင်ပါရှိသောနိုင်ငံများနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ ရေးထိုးနိုင်ရေး၊ ယင်းနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံရှိ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အချက်အလက်များ မျှဝေနိုင်ရေး၊ ပင်လယ်ကမ်းရိုးတန်းနှင့် စပ်လျဉ်းသော ခရီးသွားလုပ်ငန်းများ၊ အားကစားနှင့် စွန့်စားခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး၊ ကော်မရှင်ပါ နိုင်ငံများမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ အဆင်ပြေ လွယ်ကူချောမွေ့စွာ လာရောက် လည်ပတ်နိုင်ရေးဆိုင်ရာကိစ္စ၊ လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲရေးနှင့် ငွေပေးချေမှု အဆင်ပြေစေရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပါအဝင် ဥရောပအာရှစီးပွားရေးကော်မရှင်တွင်ပါဝင်သော နိုင်ငံများရှိ ခရီးသွားအေဂျင်စီများ၊ ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများ အချင်းချင်း ချိတ်ဆက်၍ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ ဈေးကွက်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့် အရာရှိကြီးများ၊ ဘာသာရပ်တာဝန်ခံများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ဆင်ပေါင်ဝဲမြို့၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

**ဆင်ပေါင်ဝဲ ဧပြီ ၈**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် မဟာစည်ကျောင်းတိုက်၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အရေးပါသော သင်တန်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းဆရာ ဆရာမများ၏ သင်ကြားပို့ချမှုများကိုသေချာစွာလိုက်နာမှတ်သားရန်လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်တွင်လည်း ယဉ်ကျေးလိမ္မာသောသူများအဖြစ် နေထိုင်သွားနိုင်ရန် လိုအပ်ကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး ဆရာ ဆရာမများက သင်တန်းကို ဆက်လက်ပို့ချသည်။

အဆိုပါ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၅၁ ဦး တက်ရောက်လျက်ရှိကြောင်း၊ သင်တန်းပို့ချနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက လေ့လာကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များက အချိုရည်နှင့် အာဟာရမုန့်များ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကင်းထောက်လူငယ်သင်တန်းဆင်းပွဲအခမ်းအနား၊ အင်္ဂလိပ်စာနှင့် အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၈

**၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ကင်းထောက်လူငယ် သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာ ခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။**



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကင်းထောက်လှုပ်ရှားမှုများ ပြန်လည်အသက်ဝင်လာစေရေးနှင့် ပိုမိုအားကောင်းလာစေရေး၊ ကျောင်းသားလူငယ်များ၏စိတ်တွင် ဉာဏ်ပညာအသိအလိမ္မာ တိုးပွားစေရေး၊ မိမိကိုယ်ကို အားကိုးအားထားပြုနိုင်သည့်စိတ် တိုးပွားစေရေး၊ မွန်မြတ်သည့် စိတ်နေစိတ်ထားရရှိစေရေးနှင့် တာဝန်သိသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး စသည့်အလေ့အကျင့်ကောင်းများရရှိအောင် ကင်းထောက်လူငယ်သင်တန်းကို လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အကျင့်စာရိတ္တမြင့်မားရေးအတွက် များစွာအထောက်အကူပြုပြီး သူတစ်ပါးကို ကူညီစောင့်ရှောက်ခြင်း၊ အချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ စုပေါင်းဆောင်ရွက်တတ်မှုများကိုလည်း ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ကင်းထောက်လူငယ်များအနေဖြင့် သင်တန်းမှ ပို့ချလိုက်သည့် ပညာရပ်များကို သေချာစွာလေ့လာမှတ်သားပြီး မိမိတို့ကျောင်း၊ မိမိတို့ရပ်ရွာကို ပြန်လည်အကျိုးပြုဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက လူငယ်ကင်းထောက်သင်တန်းများအတွက် ထောက်ပံ့ငွေကျပ် ၂၃၇၉၂၀၀၀ ကိုလည်းကောင်း၊ ကင်းထောက်နည်းပြသင်တန်း (TOT) နည်းပြအဖြစ် ဆောင်ရွက်ခဲ့ကြသည့် နည်းပြ ခြောက်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ကင်းထောက်လူငယ်နည်းပြ ဆရာမ ၄၀ ကို သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ မြို့နယ်အဆင့်ကင်းထောက်လူငယ် သင်တန်းမှ သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက် လူငယ်သင်တန်းသား သင်တန်းသူများက ကင်းထောက်ဂုဏ်ရည်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆိုပါကျောင်းရှိ ကျောင်းစာကြည့်တိုက်အား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားသည်။

မြို့နယ်အဆင့်ကင်းထောက်လူငယ် သင်တန်းများကို နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ တစ်မြို့နယ်လျှင် ကင်းထောက်လူငယ် ၅၀ နှုန်းဖြင့် စုစုပေါင်း ကင်းထောက်လူငယ် သင်တန်းသား သင်တန်းသူ ၄၀၀ တို့ကို ကင်းထောက်နှင့် သက်ဆိုင်သည့် ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ နေပြည်တော်ကောင်စီနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့တို့မှ ကြီးမှူးကျင်းပသည့် အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်များအနေဖြင့် မိမိတို့၏ ဘဝရည်မှန်းချက်အကောင်အထည်ဖော်ရာတွင် ဗလငါးတန်နှင့် ပြည့်စုံအောင် ကြိုးစားကြရမည်ဖြစ်ပြီး IT နည်းပညာများ၊ အထွေထွေဗဟုသုတများကို စဉ်ဆက်မပြတ်လေ့လာကာ အရည်အချင်း ပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို စာရေးကိရိယာများနှင့် အာဟာရမုန့်များ ပေးအပ်သည်။

အဆိုပါ အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံသင်တန်းကို ဧပြီ ၈ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများဆိုင်ရာ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁) အပိုင်း (၁) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၈**

မြန်မာနိုင်ငံ စာရင်းကောင်စီမှ ကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဖွင့်လှစ်သည့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်း စံများဆိုင်ရာ ဒီပလိုမာသင်တန်း (Diploma in International Financial Reporting Standards – Dip IFRS) အမှတ်စဉ်(၁) အပိုင်း (၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ယခုသင်တန်းတွင် အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုကောင်းမွန်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးအစီရင်ခံတင်ပြမှုဖြစ်စေရန် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်း စံများနှင့် စပ်လျဉ်း၍အခြေခံသဘောတရား၊ ရည်ရွယ်ချက်၊ စာရင်းရေးသွင်းမှုနှင့် ထုတ်ဖော်တင်ပြမှုဆိုင်ရာများကို သင်ကြားပေးခဲ့ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပိုမိုပြည့်ဝ တိုးတက်လာမည်ဖြစ်ပြီး ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ အစီရင်ခံစာများ ပြုစုရေးဆွဲထုတ်ပြန်ခြင်း၊ နိုင်ငံပိုင်အစုရှယ်ယာများ ပါဝင်သောကုမ္ပဏီများ၏ဘဏ္ဍာရေးရှင်းတမ်းများကို စာရင်းစံများနှင့်ညီညွတ်မှုရှိ မရှိ စိစစ်ကြီးကြပ်ခြင်းတို့တွင် လက်တွေ့ ပြန်လည်အသုံးချနိုင်မည်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ခေတ်ကာလနှင့်အညီ စာရင်းစံ ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လေ့လာ၍ လိုက်နာကျင့်သုံးခြင်း၊ စာရင်းပညာပိုမိုပြန့်ပွားစေရေး ပြန်လည်မျှဝေသင်ကြားပေးခြင်းများကို ဆောင်ရွက်ကြစေလိုပါကြောင်း၊ ထို့အပြင် သင်တန်းသားများအနေဖြင့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများဆိုင်ရာ သင်တန်းအမှတ်စဉ် (၁) အပိုင်း (၂) နှင့် အပိုင်း (၃) သင်တန်းသို့ တက်ရောက်ပြီးဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိရေး ဆက်လက်ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဇန်နဝါရီ ၁၈ ရက်မှစ၍ သင်တန်းကာလ သုံးလကြာ ဖွင့်လှစ်ခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ၂၉ ဦး၊ အခြားဌာန၊ အဖွဲ့အစည်းများမှ ၆၀ စုစုပေါင်း သင်တန်းသား ၈၉ ဦး တက်ရောက်ပြီးမြောက်ခဲ့သည်။ ယခုသင်တန်း ပြီးမြောက်အောင်မြင်သူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) နှင့်တာဝန်ရှိသူများက Online ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ငူမြို့နယ်၌ စာတတ်မြောက်ရေးစာသင်ဝိုင်း ၅၃ ဝိုင်းဖြင့် ဆောင်ရွက်လျက်ရှိ

**တောင်ငူ ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများရှိ စာမတတ်မြောက်သူများ စာတတ်မြောက်ရေးအတွက် ဧပြီ ၆ ရက်မှစတင်၍ စာသင်ဝိုင်း ၅၃ ဝိုင်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာထွန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။ တောင်ငူမြို့နယ် ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ စာမတတ်မြောက်သူများ စာတတ်မြောက်ရေးအတွက် စာသင်ဝိုင်း ၅၃ ဝိုင်းတွင် အခြေခံပညာကျောင်းများမှ နည်းပြ ၅၃ ဦး၊ ကြီးကြပ်သူ ခုနစ်ဦး၊ တက္ကသိုလ်များမှ နည်းပြ ၅၂ ဦး၊ ကြီးကြပ်သူတစ်ဦးဖြင့် စာသင်သူဦးရေ ၁၀၀၁ ဦးအား ဧပြီ ၆ ရက်မှစတင်၍ ရက်ပေါင်း ၄၀ အတွင်း တစ်ရက် စာသင်ချိန် သုံးနာရီကြာ သင်ကြားပို့ချလျက်ရှိပြီး စာသင်သူတစ်ဦးလျှင် ဗလာစာအုပ် ခုနစ်အုပ်၊ မြန်မာစာပုံနှိပ် တစ်အုပ်၊ သင်္ချာပုံနှိပ် တစ်အုပ်၊ ဘောပင်နှင့် ခဲတံများ ထောက်ပံ့ပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ခရမ်းမြို့နယ်၌ မြေပဲတစ်ကေလျှင် ပျမ်းမျှတင်း ၆၀ ခန့် ထွက်ရှိ



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်၌ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော မြေပဲသီးနှံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၆၈၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ခရမ်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးအဆင်ပြေမှုနှင့် စိုက်ပျိုးမြေကောင်းမွန်မှုတို့ကြောင့် စိုက်ပျိုးရေး လုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံဝင်ငွေတိုးပွားစေရေး၊ စားရေရိက္ခာဖူလုံစေရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေးတို့အတွက် ဆောင်းရာသီစိုက်ပျိုးရာသီချိန်တွင် မြေပဲသီးနှံကို အဓိကထား၍ နှစ်စဉ်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကွင်းလျှားရှည်၊ သဖြူကန်၊ ဖလူကန်၊ တကောကန်နှင့် ကြာကန်ကျေးရွာများ၌ မတ်လတတိယပတ်မှစတင်၍ မြေပဲသီးနှံများ စတင်ထွက်ပေါ်လျက်ရှိပြီး အဖွင့်ဈေးအနေဖြင့် မြေပဲတစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ မှ ၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ပျမ်းမျှတင်း ၆၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ခရမ်းမြို့နယ်အတွင်းရှိ တောင်သူအများစုသည် ဆီထွက်သီးနှံမြေပဲများကို ကြိတ်ခွဲ၍ ဆီစက်များတွင် ရောင်းချခြင်းနှင့် စားသုံးသူဒေသခံပြည်သူများအား ဖြန့်ဖြူးရောင်းချလျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ် ၁၀ သိန်းခန့် ရရှိကြောင်း သိရှိရသည်။

**DOCA(ရန်ကုန်)**

# ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ဒေါ်လာ ၁၁ ဒသမ ၁၀၃ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဧပြီလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန်ဒေါ်လာ ၂၇ ဒသမ ၄၂၀ သန်းနှင့် သွင်းကုန်ဒေါ်လာ ၂ ဒသမ ၁၅၀ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၂၉ ဒသမ ၅၇၀ သန်းဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၆ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်ဒေါ်လာ ၉ ဒသမ ၆၁၉ သန်းနှင့် သွင်းကုန်ဒေါ်လာ ၁ ဒသမ ၄၈၄ သန်း၊ စုစုပေါင်း ဒေါ်လာ ၁၁ ဒသမ ၁၀၃ သန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၃၇ ဒသမ ၅၄၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။



ကံပိုင်တည် ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် ဧပြီ ၂ ရက်မှ ဧပြီ ၆ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော ၁၅၂၉၆ တန်၊ ပဲမျိုးစုံ တင်ပို့မှုအနေဖြင့် ပဲယဉ်း ၁၈၈ ဒသမ ၂ တန်၊ ပဲကြီး ၂၃၈ တန်၊ ပဲနီကြား ၁၃၆ တန်၊ ထောပတ်ပဲ ၂၄၁ ဒသမ ၅ တန်၊ မတ်ပဲ ၆၆ ဒသမ ၇၇ တန်၊ မြေထောက်ပဲ ၃၃ တန်၊ နိုင်လွန်ပဲ ၁၅၄ တန်၊ သစ်သီးဝလံ တင်ပို့မှုအနေဖြင့် ရွှေဖရုံသီး ၆၅၉ တန်၊ ဖရဲသီး ၁၄၈၅ တန်၊ ငရုတ်သီးတန် ၄၇၀၊ ငရုတ်ခြောက် ၁၀၄ ဒသမ ၂ တန်၊ ကြက်သွန်နီ ၃၅၆၅ တန်၊ မန်ကျည်းသီး (အစေ့ပါ) ၆၇ ဒသမ ၅ တန်၊ အင်ကြင်းကျောက် ရှစ်တန်၊ စကျင်ကျောက်ဆင်းတု ၁၆ ဒသမ ၉၇၀ တန်နှင့် လောင်စာတောင့် ၂၅ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံး သွင်းကုန်ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe၊ Iron Pipe၊ လိမ္မော်သီးနှင့် အဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP အထည်ချုပ်ပစ္စည်းတို့ တင်သွင်းနိုင်ခဲ့သည်။

# ပဲစင်းငုံ(နီ)ဈေးနှုန်း အနည်းငယ်ကျဆင်းသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုဈေးကွက်သို့ ဇန်နဝါရီလ ဒုတိယပတ်မှစတင်၍ ပဲစင်းငုံ(နီ၊ဖြူ)များ စတင်ဝင်ရောက်ခဲ့သော်လည်း မတ်လ နောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ) တစ်မျိုးတည်းသာ ဝင်ရောက်ခဲ့ကြောင်း၊ မတ်လ နောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ပဲစင်းငုံ (နီ) တစ်တင်းလျှင် ငွေကျပ် ၁၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း/ တန် ၁၈၀၀ အားဖြင့် ၅၉ တန် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း၊ မတ်လ တတိယပတ်နှင့် မတ်လ နောက်ဆုံးပတ် ဈေးနှုန်းများ နှိုင်းယှဉ်ပါက မတ်လ တတိယပတ်၌ ပဲစင်းငုံ(နီ) တစ်တင်းလျှင် ငွေကျပ် ၁၁၅၃၀၀ ပေါက်ဈေးရှိခဲ့သဖြင့် မတ်လ နောက်ဆုံးပတ်တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ငွေကျပ် ၃၀၀ လျော့နည်းခဲ့ပြီး ဈေးနှုန်းအနည်းငယ်အေးသဖြင့် ဝင်ရောက်မှု နည်းသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

# မြို့သစ်မြို့နယ်၌ နွေစပါးများ စတင်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်၌ နွေစပါးများ စတင်စိုက်ပျိုးလျက်ရှိပြီး နွေစပါး ၆၇၁၇ ဧကစိုက်ပျိုးလျက်ရှိကြောင်း၊ နွေစပါးစိုက်ပျိုးရာတွင် ပျိုးထောင်စိုက်ပျိုးခြင်းနှင့် အစေ့တိုက်ရိုက်ချစိုက်ပျိုးခြင်းစနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး စပါးမျိုးအနေဖြင့် အထွက်နှုန်း ကောင်းမွန်သည့် ဆာဖိုးသာစပါးမျိုး၊ ရတနာတိုးစပါးမျိုးနှင့် မနောသုခစပါးမျိုးများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နွေစပါးများ အထွက်နှုန်းတိုးမြင့်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများဖြစ်သော ဓာတ်မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုးနှင့် ပေါင်းသတ်ဆေးများကို နွေစပါးစိုက်ပျိုးထားရှိသည့် တောင်သူများအား စပါးပေါ်ငွေချေစနစ်ဖြင့် အတိုးပြန်ဆပ် သွင်းအားစုများထုတ်ပေးပြီး မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် တောင်သူများ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**DOCA(မကွေး)**

## ၈.၄.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၃၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၂၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၅၄၀၀ | ၁၁၈၀၀ | ၈၈၀၀ | ၇၃၀၀ | ၁၀၀၀ | ၉၂၀၀ | ၆၉၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၅၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၆၈၀ | ၅၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၆၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၉၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၃၀၀ | ၆၄၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၅၉၅၀ | ၁၄၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၁၃၅၀၀ | | ၈၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၃၀၀ | ၃၇၀၀ | ၂၂၀၀ | ၄၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲတက်ရောက်

**မုံရွာ မေ ၈**

ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲကို မေ ၈ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားရာ တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ၏ စာတတ်မြောက်ရေးလုပ်ငန်းများ၊ သင်ကြားရေးအစီအစဉ်များ အဆင်ပြေချောမွေ့စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍကနေ စေတနာထားဆောင်ရွက်သွားကြရန်နှင့် မိမိတို့ လုပ်ဆောင်မှုများကြောင့် စာမတတ်သူ တစ်ဦး၊ တစ်ယောက်၊ တစ်ဖွဲ့ စာတတ်သွားမည်ဆိုပါက ပညာဒါနအနေဖြင့် တန်ဖိုးကြီးမား၍ ကုသိုလ်စိတ်မွေးကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအနေဖြင့် အခြေခံစာတတ်မြောက်ရေးသင်တန်းဖွင့်လှစ်မှု အနေဖြင့် နည်းပြ ၇၂၅ ဦး၊ ကြီးကြပ် ၁၅၅ ဦး၊ စာသင်ဝိုင်း ၅၂၄ ဝိုင်း၊ စာသင်သား ကျား ၃၅၈၂ ဦးနှင့်မ ၄၉၂၈ ဦး စုစုပေါင်း ၈၅၁၀ ဖြင့် ဖွင့်လှစ်သင်ကြား ဆောင်ရွက်သွားမည်ဖြစ်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မဟာသင်္ကြန်မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မဟာသင်္ကြန်ကာလတွင် မြို့နယ်မဟာသင်္ကြန်မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အတာရေသဘင် ဆင်နွှဲနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက တင်ပြဆွေးနွေးညှိနှိုင်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

မြို့နယ်မဟာသင်္ကြန်မဏ္ဍပ်၌ မေ ၁၃ ရက်(အကြိုနေ့)မှ မေ ၁၆ ရက်(အတက်နေ့)အထိ ယိမ်းအဖွဲ့ပေါင်းစုံမှ လှပျိုဖြူလေးများက ယိမ်းအကအဖွဲ့နှင့် ပါဝင်ယှဉ်ပြိုင် ကပြဖျော်ဖြေတင်ဆက်မည် ဖြစ်ပြီး ဆုပေးပွဲကိုလည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကြင်မောင်(ဆိပ်ကမ်း)**



## မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ရိုးရာလက်ဝှေ့ကစားသမားဟောင်းများ၊ ဒိုင်နှင့် နည်းပြများအား ထောက်ပံ့

**ရန်ကုန် မေ ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် နာယက က ကျန်းမာရေးချို့တဲ့သည့် ရိုးရာလက်ဝှေ့ ကစားသမားဟောင်းများ၊ ဒိုင်နှင့် နည်းပြများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ ပြုလုပ်သည်။



ဦးစွာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Popular Group မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမင်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် နာယက ဦးကျင်ဦးက ရိုးရာလက်ဝှေ့ကစားသမားဟောင်းများ၊ ဒိုင်နှင့် နည်းပြများအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ် ခုံဒိုင်ချုပ် ဦးဒေါင်းနီက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။ **(ဓါတ်ပုံ)** ထောက်ပံ့ငွေပေးအပ်ပွဲသို့ ရိုးရာလက်ဝှေ့ ကစားသမားဟောင်း ၁၀ ဦး၊ ဒိုင်လူကြီး၊ ခုံဒိုင်ချုပ်၊ နည်းပြတစ်ဦးစီ စုစုပေါင်း ငွေကျပ် သိန်း ၁၃၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**မြန်အောင် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနကယနေ့နံနက်ပိုင်းတွင် ညောင်မြစ်ဆွဲကျေးရွာအုပ်စု ညောင်မြစ်ဆွဲကျေးရွာ၌ သောက်သုံးရေများ သွားရောက်ပို့ဆောင် လှူဒါန်းပေးသည်။

လှူဒါန်းရာတွင် ခေတ္တခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုနိုင်၊ တပ်ဖွဲ့ဝင်များက ညောင်မြစ်ဆွဲကျေးရွာ အုပ်စုအတွင်းရှိ သောက်သုံးရေ လိုအပ်လျက်ရှိသော ဒေသခံပြည်သူများကို နေအိမ်အရောက် ရေများပို့ဆောင်လှူဒါန်းပေးသည်။

မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက နွေရာသီတွင် သောက်သုံးရေ လိုအပ်လျက်ရှိသော ဘုန်းတော်ကြီးကျောင်းများ၊ တရားရိပ်သာများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ကျေးရွာ၊ ရပ်ကွက်များသို့ အခမဲ့ ပို့ဆောင်လှူဒါန်းပေးသွားမည်ဖြစ်ရာ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သော်လည်းကောင်း၊ မီးသတ်ဦးစီးဌာနသို့ တိုက်ရိုက်ဆက်သွယ်၍သော်လည်းကောင်း အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**ဦးသာ**




**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၄ - ၂၀၂၄

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၀၅ ကျပ် | ၂၉၅၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၃၀၀ | ၉၁၄ | ၇၆၂၉၀၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၄၅၇ | ၄၁၆၀၂၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၅ | ၃၉၅၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၂၀၀ | ၃၀၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁၈၀ | ၄၆၈၀၀၀ |
| EFR | ၁၇၅၀ | ၁၇၀၀ | ၂၃၀ | ၃၉၂၅၀၀ |
| AHPC | ၄၆၀၀ | ၄၆၀၀ | ၂၁ | ၉၆၆၀၀ |
| MAEPC | ၁၈၀၀ | ၂၀၅၀ | ၂၁၁၁ | ၄၃၀၄၈၀၀ |

# ဝါဂွမ်းထွက်ပစ္စည်းများ

ဒေါက်တာချစ်

ဝါစိုက်ပျိုးရေးကို စိုက်ပျိုးရေးဦးစီးဌာန (နိုင်ငံပိုင်)က တောင်သူများအား အကြံပေးခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ အသိပညာပေးခြင်း စသည့်လုပ်ငန်းများကိုသာ လက်ရှိဖွဲ့စည်းပုံအရ တာဝန်ယူနိုင်သည်ဟု ယူဆမိပါသည်။

ဝါပင်များဖြစ်ထွန်းအောင်မြင်၍ ဝါကောက်(ဆွတ်ခူး)ပြီး ထွက်ပေါ်လာသော ဝါများကို ဝယ်ယူရေး၊ သယ်ယူရေး၊ သိုလှောင်ရေး၊ (ထုထည်ကြီးမားသဖြင့်) ကြိတ်ခွဲရေး၊ ဂွမ်းထုတ်လုပ်ရေး၊ ဝါစေ့များကို မျိုးအဖြစ် သိုလှောင်ပြီး ဖြန့်ဖြူးရေး စသည့် ကြီးမားကျယ်ပြန့်သော စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်ဖြစ်၍ သီးသန့်အဖွဲ့အစည်းတစ်ခုကမှ တာဝန်ယူနိုင်မည်ဟု ယူဆမိပါသည်။

အကယ်၍ စီးပွားရေးအဖွဲ့အစည်းတစ်ခုက တာဝန်ယူမည်ဆိုသည့်တိုင်အောင် မျိုးကောင်းမျိုးသန့်ကို အစဉ်အဆက်မပြတ် ရရှိရေးအတွက် လုပ်ဆောင်ရမည့်တာဝန်မှာ စိုက်ပျိုးရေးဦးစီးဌာနက ပညာရှင်များ၏ တာဝန်ဖြစ်နေပြန်ပါသည်။

ဒီတော့ စီးပွားရေးအဖွဲ့အစည်းမှာ ဝါမျိုးကောင်းမျိုးသန့်မျိုးစေ့ကို စဉ်ဆက်မပြတ် ရရှိရေးအတွက် စိုက်ပျိုးရေးပညာရှင်အဖွဲ့တစ်ခုပါ ထည့်သွင်းရပါမည်။ ဒါမှမဟုတ် စိုက်ပျိုးရေးဦးစီးဌာနတွင် ဌာနခွဲကြီးတစ်ခုတိုးချဲ့ဖွဲ့စည်းမှသာ လုပ်ငန်းအောင်မြင်မည် ဖြစ်ပါသည်။

ဝါအထွက်နှုန်းကောင်းသောမျိုး၊ မိုးများ(သို့မဟုတ်) မိုးခေါင်ဒဏ်ခံနိုင်သောမျိုး၊ ပိုးမွှားရောဂါဒဏ်ခံနိုင်သောမျိုး၊ ပေါင်းမြက်ဒဏ်ခံနိုင်သောမျိုး စသည်တို့ကို လိုချင်ကြသည်။

ထို့အပြင် ဂွမ်းထွက်နှုန်းကောင်းသောမျိုး၊ ဂွမ်းမွေးရှည်သောမျိုး၊ ဂွမ်းမွေးခိုင်ခံ့သောမျိုး၊ အတိုအရှည်ညီညွတ်သောမျိုး စသော အရည်အသွေးကောင်းသောမျိုးကိုလည်း လိုချင်ကြသည်။

ထို့ကြောင့် ဝါတစ်မျိုးနှင့်တစ်မျိုး ပေါင်းစပ်ကူးယူ၍ မျိုးသစ်ထုတ်လုပ်ကြသည်။ ထိုစပ်မျိုးများသည် သုံးနှစ်ခန့်ကြာလျှင် မျိုးညံ့သွားတတ်ကြသည်။ ထိုကောင်းသောမျိုးကို ထိန်းသိမ်းထားပေးရန် လိုသည်။ ထို့အပြင် မျိုးကောင်းရရှိရေးအတွက် လက်ရှိစိုက်ပျိုးနေသောမျိုးများထဲမှလည်း တစ်ပင်ချင်းစောင့်ကြည့်ရွေးချယ်ရန် လိုအပ်သည်။

## ဝါဝယ်ဒိုင်

**အစိုဓာတ်။** ဝါမွေးသည် အစိုဓာတ်ကို စုပ်ယူနိုင်စွမ်းနှင့် အငွေ့ပြန်နိုင်စွမ်းရှိသည်။ ဂွမ်းမွေးသည် အစိုဓာတ်ကို စုပ်ယူသောအခါ ဖောင်းပွလာသည်။ ရေတွင်နှစ်ထားသော ဂွမ်းမွေးသည် ၄၀ ရာခိုင်နှုန်းခန့်အထိ ဖောင်းပွလာသည်။ လေထု၏ စိုထိုင်းဆ ၆၅ ရာခိုင်နှုန်းရှိလျှင် ဂွမ်းမွေး၏ ဖောင်းပွမှုမှာ ၁၂ ရာခိုင်နှုန်းနှင့် အစိုဓာတ် ၇-၈ ရာခိုင်နှုန်းခန့်အထိ ရှိလာသည်။ လေထုတွင် စိုထိုင်းဆများလာလျှင် အလေးချိန်လည်း တိုးလာသည်။ လေထုစိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်းရှိလျှင် အလေးချိန် ၂၀ ရာခိုင်နှုန်းခန့် တိုးလာသည်။ ထိုအခါ မှိုရောဂါစွဲကပ်ပြီး အရောင်ပျက်ခြင်း၊ ချောမွေ့မှုနှင့် ခိုင်ခံ့မှုပျက်ခြင်း ဖြစ်နိုင်သည်။ ဂွမ်းမွေးသည် အစိုဓာတ်ကိုစုပ်ယူပြီးလျှင် ခိုင်ခံ့မှုသည် ၃၅ ရာခိုင်နှုန်းခန့် တိုးလာသည်။ ထို့ကြောင့် ကြိတ်ခွဲခြင်းမပြုမီ ဝါကိုသော် လည်းကောင်း၊ ကြိတ်ခွဲပြီး ဂွမ်းမွေးကိုသော် လည်းကောင်း၊ အစိုဓာတ်မဝင်စေရန် စနစ်တကျသိုလှောင်ရသည်။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းထက်ပိုနေသောဝါများကို သိုလှောင်ထားပါက အပူချိန်လွန်ကဲလာပြီး အရောင်ပျက်ခြင်း၊ အရည်အသွေးညံ့ခြင်းဖြစ်နိုင်သည်။ ဝါချည်ထည်များသည် ခန္ဓာကိုယ်မှ ချွေးကိုစုပ်ယူပြီး အငွေ့ပျံစေသဖြင့် ကိုယ်ခန္ဓာကို အေးစေနိုင်သည်။ ထို့ကြောင့်အပူပိုင်းဒေသရှိလူများသည် ဝါချည်ထည်ကို အများဆုံးဝတ်ဆင်ကြသည်။

ဝါ၏အစိုဓာတ်ကို မွိုက်ချာမီတာ (Moisture Meter)ဖြင့် တိုင်းယူနိုင်သည်။ ဂွမ်းမွေးနှင့် ဝါစေ့ ရောနှောနေသော ဝါကိုလက်ဖြင့် ဆုပ်ကြည့်လျှင် ကျွမ်းကျင်သူများက အစိုဓာတ်ကို ခန့်မှန်းနိုင်သည်။ ဝါစေ့တွင်ပါရှိသော အစိုဓာတ်ကိုသိရှိရန် ဝါစေ့ကို ကိုက်ကြည့်၍ ထောက်ခနဲမြည်သံကြားရလျှင် အစိုဓာတ်နည်းသည်။ ဝါတွင် အစိုဓာတ် ၈ ရာခိုင်နှုန်း-၁၁ ရာခိုင်နှုန်းအတွင်းသာ ရှိရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ မိုးဖြင့်စိုက်သော ဝါကြီး၊ ဝါလေး၊ မလှိုင်မျိုးများသည် မိုးအကုန် ဆောင်းအကူးအချိန်တွင် ဝါကောက်ယူရပြီး ဆောင်းတွင် ဝါဒိုင်သို့ ပို့ကြရသည်။ တချို့က တစ်ညလုံးနှင်းခံပြီးမှ လာကြသည်။ အချို့ကမူ မီးမွေးပြီး ရေဖျန်း၍ ဝါးကပ်ပေါ် ဝါဂွမ်းကိုတင်ကာ ရေထိုးတတ်ကြသည်။ ဤသို့ဖြင့် ဂွမ်းရောဝါစေ့ပါ အရည်အသွေးပျက်စေနိုင်သည်။

ဝါဂွမ်းကို သိုလှောင်ရာတွင် လေထုစိုထိုင်းဆသည် ၇၅ ရာခိုင်နှုန်းထက်မပိုသင့်ချေ။ ဝါကိုသိုလှောင်ရာတွင် ကြမ်းခင်းသည် လေဝင်လေထွက် ကောင်းရမည်။ ဘေးမှအကာကို မိုးပက်မည့်ဘက်တွင်သာ ရှိသင့်သည်။ စုပုံပြီးတစ်ပြင်တည်းမထားဘဲ လေဝင်လေထွက်ကောင်းအောင် လိုင်းဖောက်ပေးရမည်။ ဖြစ်နိုင်ပါက ဝါကို အထက်အောက်လှန်ပေးရမည်။ လေထုစိုထိုင်းဆ ၃၀ ရာခိုင်နှုန်းအောက်တွင် ဝါကို လေးနှစ်အထိ မပျက်စီးဘဲ သိုလှောင်ထားနိုင်သည်။

**ဝါဂွမ်းအရောင်။** ဝါအရောင်ကို ပျက်စီးသော အကြောင်းများမှာ အစိုဓာတ်ပါဝင်မှုများခြင်း၊ ကျွယ်ဝါ ပါဝင်မှုများခြင်း၊ ဝါကြိတ်ခွဲမှု အဆင့်ဆင့်တွင် ညစ်ပေခြင်းတို့ကြောင့်ဖြစ်သည်။ ထို့အပြင် ပိုးမွှားနှင့်ရောဂါ ကျရောက်ခြင်းဖြင့်လည်း ဝါဂွမ်းအရောင်ကိုပျက်စေသည်။ အရောင်ပျက်နေသော ဂွမ်းမွေးသည် ခိုင်ခံ့မှုပါ လျော့နည်းနိုင်သည်။

ဘာသာဒင့်စ်ဝါမျိုးမှအပ ဂွမ်းမွေးအဖြူရောင်ကိုသာ လူကြိုက်များသည်။ ထို့ကြောင့် ဝါကိုမကြိတ်မီ ကျွယ်ဝါများမပါအောင်၊ အစွန်းအထင်းဝါများ မပါအောင် ရွေးချယ်ရသည်။ စက်သုံးဆီ၊ မီးထိုးဆီများနှင့် မထိမိအောင် ဂရုစိုက်ရသည်။

**အမှိုက်ပါဝင်မှု။** အမှိုက်ဆိုရာတွင် ဝါဂွမ်းမဟုတ်သောအရာအားလုံး ရောနှောခြင်းကို ဆိုလိုသည်။ ဝါကောက်သိမ်းရာတွင် မသန့်ရှင်းခြင်း၊ ကြိတ်စက်မကောင်းသဖြင့် အစေ့ကွဲပါခြင်း၊ ပိုးမွှားဖျက်ဆီးမှုကြောင့် အစေ့များနာနေပြီး ကြိတ်ခွဲရာတွင် ဂွမ်းနှင့်ရောပါခြင်း စသည့်တို့ကြောင့် ဖြစ်တတ်သည်။

အထည်စက်ရုံတွင် ချည်မငင်မီကပင် အမှိုက်သရိုက်ကို သန့်စင်ရသည်။ အမှိုက်ပါနေလျှင် ဝါဈေးနှုန်း၊ ဂွမ်းဈေးနှုန်း လျော့နည်းနိုင်သည်။ အမှိုက်ပါဝင်မှုကို ရှာလီအနာလိုက်ဇာ (Shirley Analyzer) ဖြင့် တိုင်းတာနိုင်သည်။

**ဝါဝယ်ဒိုင်များ၏ ဝါဂွမ်းအရည်အသွေး သတ်မှတ်ချက်။** မြန်မာဝါနှင့် ပိုးချည်လုပ်ငန်းမှ ဝါဝယ်ယူရာတွင် အရည်အသွေးသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| ဝါတွင် ပါဝင်မှု | ချည်မျှင်ရှည် | | ဝါကြီး၊ဝါလေး၊မလှိုင်ဝါ |
|---|---|---|---|
| | ပထမတန်းစား | ဒုတိယတန်းစား | |
| အရောင်စွန်းထင်းပါဝင်မှု | ၁% | ၂% | ၂% |
| အမှိုက်ပါဝင်မှု | ၁% | ၂% | ၂% |
| မျိုးကွဲ ပါဝင်မှု | ၁% | ၂% | ၃% |
| ကျွယ် ပါဝင်မှု | ၃% | ၅% | ၃% |
| အစိုဓာတ်ပါဝင်မှု | ခြောက်သွေ့ (၈% - ၁၁%) | ခြောက်သွေ့ (၈% - ၁၁%) | ခြောက်သွေ့ (၈% - ၁၁%) |

**ဂွမ်းထွက်ရာခိုင်နှုန်း။** ဝါပိဿာ ၁၀၀ မှ ကြိတ်၍ရသော ဂွမ်းအလေးချိန်ဖြစ်သည်။ Ginning Percentage ဟု ခေါ်သည်။ ဟာဆူတံဝါမျိုးစိတ်၌ ၂၅-၄၂ ရာခိုင်နှုန်းရှိပြီး အာဘိုးရီးယံဝါမျိုးစိတ်၌ ၄၀ ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံရှိ ဝါကြီးမျိုး၌ ၃၅-၃၈ ရာခိုင်နှုန်း၊ ဝါကလေးမျိုး၌ ၃၀-၃၃ ရာခိုင်နှုန်း၊ မလှိုင်ဝါမျိုး၌ ၄၁ -၄၀ ရာခိုင်နှုန်းနှင့် လွန်ကျော်(၃) ဝါမျိုး၌ ၃၃-၃၆ ရာခိုင်နှုန်းအသီးသီး ရှိကြသည်။ မြန်မာနိုင်ငံတွင် အောက်တန်း (Out-turn)ဟု ခေါ်သော ဝါဂွမ်းအရည်အသွေး သတ်မှတ်ချက်ကိုလည်း သုံးစွဲကြသည်။ ၎င်းမှာ ပိဿာ ၁၀၀ ရှိသော ဂွမ်းတစ်ထုပ်(Bale)ရရှိရန် ကြိတ်ရသော ဝါပိဿာချိန်ဖြစ်သည်။ ဟာဆူတံဝါမျိုး၌ ဝါပိဿာ ၄၀၀ မှ ၂၃၈ ရှိပြီး အာဘိုးရီးယံ ဝါမျိုး၌ ၂၅၀ ခန့် ရှိသည်။ ဝါဝယ်ယူကြိတ်ထုတ်သူများအတွက် ဂျင်းနင်းပါဆင်းတိတ်ချ်များလေ ကောင်းလေဖြစ်သည်။ အောက်တန်းမှာ ဂဏန်းငယ်လေ ကောင်းလေဖြစ်သည်။ ဝယ်ယူကြိတ်ထုတ်သည့် ဝါဂွမ်း၏ အစိုဓာတ်သည် ၈-၁၁ ရာခိုင်နှုန်းထက် မပိုရချေ။

## ဂွမ်း၏ အခြေခံအရည်အသွေးများ

## (Textile Engineering)

ဂွမ်း၏အခြေခံအရည်အသွေးများကို အောက်တွင် ဖော်ပြသည့်အတိုင်း သတ်မှတ်ကြသည်-

**ဂွမ်းမွေးအရှည်။** ဂွမ်းမွေးအတိုအရှည်သည် ချည်ငင်ရာတွင် ချည်ချောရရှိမှုအတွက် အဓိကဖြစ်သည်။ ဂွမ်းမွေးရှည်လေ ချည်ချောလေဖြစ်ပြီး အထည်ပါးပါးရက်လုပ်နိုင်သည်။ ထို့ကြောင့် ဝါဂွမ်းဈေးနှုန်းသတ်မှတ်ရာတွင် ဂွမ်းမွေးရှည်လေ ဈေးကောင်းရလေဖြစ်သည်။

စိုက်ပျိုးရေးသုတေသီတို့သည် ဝါမကြိတ်ဘဲ ဝါစေ့ပေါ်ရှိ ဂွမ်းမွေးအရှည်ကို တိုင်းတာကြသည်။ ဂွမ်းမွေးအရှည်ကို နည်းမျိုးစုံဖြင့် တိုင်းတာကြသည်။ နမူနာဝါမှ ၁၀-၂၀ အစေ့ကို ကျပန်း(Random)ယူပြီး တိုင်းတာရသည်။ အစေ့၏ လုံးဝိုင်းသောအပိုင်း (Chalazalend)မှ အမွေးများကိုဘီးနှင့်ဖီးပြီး တိုင်းတာရသည်။ ပေတံဖြင့် တိုင်းတာနိုင်သည်။ သို့မဟုတ် လက်မထိပ်မှ လက်ဆစ်ပေါ်ရှိ အရစ်ကလေးများဖြင့်လည်း တိုင်းတာနိုင်သည်။ ထိုသို့တိုင်းတာသော အမွေးများသည် အရှည်ဆုံးဂွမ်းမွေးများ ဖြစ်ကြသည်။

အဝယ်ဒိုင်များ၌မူ ဂွမ်း(ကြိတ်ပြီးဝါ) နမူနာကို ယူပြီး လက်နှစ်ဖက်ဖြင့် ဆွဲ၍ခွဲရသည်။ ထိုသို့ဆွဲ၍ ခွဲလိုက်သဖြင့် ပေါ်လာသောအတွင်းမှ ဂွမ်းစကလေးကိုယူပြီး လက်နှစ်ဖက်ဖြင့် လက်ညှိုးလက်မ နှစ်ခုကြားညှပ်၍ဆွဲရသည်။ ထိုအခါ အစွန်းထွက်နေသော အမွေးများပါလာသဖြင့် တစ်ဖက်ထိပ်၌ညီအောင်ပြန်၍ထပ်ရသည်။ ဤသို့ဆွဲလိုက် ပြန်ထပ်လိုက် ၄-၅ ကြိမ် ပြုလုပ်သောအခါ ဂွမ်းမွေးများသည် ဖြောင့်တန်းပြီးညီညာလာသည်။ ထိုအခါ တိုင်းတာလျှင် ဂွမ်းမွေးအရှည်ကို သိနိုင်သည်။

ဂွမ်းမွေးအရှည်ကို တိကျစွာသိရှိနိုင်ရန် ကိရိယာအမျိုးမျိုးကို နိုင်ငံအလိုက် သုံးစွဲမှုမတူကြချေ။ ထင်ရှားသော ဂွမ်းမွေးအရှည်တိုင်း ကိရိယာများမှာ ဆလက်ဂျ်ဆော့တား (Sledge Sorter)၊ ကုမ်းဆော့တား (Comb Sorter)၊ အူစတာစတက်ပလာ (Uster Stapler)၊ A.N. Apparatus၊ ဖိုက်ဘရိုဂရပ်ဖ် (Digital Fibrograph) တို့ဖြစ်သည်။ ကိရိယာမတူကြသဖြင့် ဖော်ပြသော ကိန်းဂဏန်းချင်းလည်း မတူကြချေ။ သို့ရာတွင် ဂွမ်းမွေးအတိုအရှည် သတ်မှတ်ချက် အစီအစဉ်မှာမူ တူညီကြသည်။ ထိုကိရိယာများတွင် ဖိုက်ဘရိုဂရပ်ဖ်သည် ဂွမ်းနမူနာယူရာတွင် ဘက်လိုက်မှုမရှိခြင်း၊ လူ၏ အမှားမပါရှိနိုင်ခြင်း၊ အလွန်လျင်မြန်ခြင်းတို့ကြောင့် အကောင်းဆုံးဖြစ်နေသည်။

| Category | International Cotton Advisory Committee (ICAC) | Fibrograph 2.5% Span Length |
|---|---|---|
| Short Staple | <20.64 mm ($< \frac{13}{16}''$) | < 25.4 mm |
| Medium Stape | 20.64 ~ 25.4 mm ($< \frac{13}{16}'' - 1''$) | 25.4 ~ 29.2 mm |
| Medium Long Staple | 27.35 ~ 27.78 mm ($1\frac{1}{13}'' \sim 1\frac{3}{32}''$) | |
| Long Staple | 28.58 ~ 33.34mm ($1\frac{1}{8}'' \sim 1\frac{5}{16}''$) | 29.2 ~ 32.8 mm |
| Extra Long Staple | 34.63 mm ($1\frac{3}{8}''$ & over) | >32.8 mm |

- ထိုစပ်မျိုးများသည် သုံးနှစ်ခန့်ကြာလျှင် မျိုးညံ့သွားတတ်ကြသည်။ ထိုကောင်းသောမျိုးကို ထိန်းသိမ်းထားပေးရန် လိုသည်။ ထို့အပြင် မျိုးကောင်းရရှိရေးအတွက် လက်ရှိ စိုက်ပျိုးနေသောမျိုးများထဲမှလည်း တစ်ပင်ချင်း စောင့်ကြည့်ရွေးချယ်ရန်လို
- ဝါဂွမ်းကို သိုလှောင်ရာတွင် လေထုစိုထိုင်းဆသည် ၇၅ ရာခိုင်နှုန်းထက်မပိုသင့်ချေ။ ဝါကိုသိုလှောင်ရာတွင် ကြမ်းခင်းသည် လေဝင်လေထွက်ကောင်းရမည်။ ဘေးမှအကာကို မိုးပက်မည့်ဘက်တွင်သာ ရှိသင့်သည်။ စုပုံပြီးတစ်ပြင်တည်းမထားဘဲ လေဝင်လေထွက်ကောင်းအောင် လိုင်းဖောက်ပေးရမည်။ ဖြစ်နိုင်ပါက ဝါကို အထက်အောက်လှန်ပေးရမည်။ လေထုစိုထိုင်းဆ ၃၀ ရာခိုင်နှုန်းအောက်တွင် ဝါကို လေးနှစ်အထိ မပျက်စီးဘဲ သိုလှောင်ထားနိုင်

(ဆက်လက်ဖော်ပြပါမည်)

## အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် ပါမည်ဆိုကာ ငွေကြေးလိမ်လည်မှုများရှိကြောင်း မဟုတ်မမှန်သတင်းများဖော်ပြလျက်ရှိ

**နေပြည်တော် မေ ၈**

မြန်မာနှစ်သစ်မင်္ဂလာ အခါသမယတွင် အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုပေးခဲ့ခြင်းများအပေါ် အကြောင်းပြုပြီး ယခုရက်ပိုင်းတွင် အကျဉ်းသားများ၏ မိသားစုဝင်များထံသို့ နိုင်ငံတော်၏ လွတ်ငြိမ်းချမ်းသာခွင့်တွင်ပါဝင်ရန် ငွေကြေးပေးရမည်ဟုဆိုပြီးဖုန်းဆက်ကာ လိမ်လည်မှုများရှိကြောင်း ယနေ့ခေတ် အမည်ခံ Facebook Page တွင် မဟုတ်မမှန်သတင်းများ ဖော်ပြထားသည်ကို တွေ့ရသည်။

အကျဉ်းထောင် အသီးသီး၌ အကျဉ်းကျခံနေကြရသော အကျဉ်းသား အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးမည်ဆိုပါက အကျဉ်းသားများ စိစစ်ရေးအဖွဲ့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်၊ လွတ်ငြိမ်းချမ်းသာခွင့်၊ လွတ်ငြိမ်းသက်သာခွင့် ပေးနိုင်ရေးအတွက် လျော်ကန် သင့်မြတ်မှုရှိသည့် နိုင်ငံသား နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူများအား စိစစ်ရွေးချယ်ခြင်း၊ ထိုသို့စိစစ်ရွေးချယ်ရာတွင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်တို့၏ပယောဂများ၊ တိုက်တွန်းချက်များကြောင့် မဟုတ်ဘဲ ဘက်လိုက်မှုကင်းသော မူဝါဒများနှင့်အညီ လွတ်ပေးသင့်၊ လွတ်ပေးထိုက်သူများကိုသာ စိစစ်ရွေးချယ် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း။

လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း/ မပေးခြင်း၊ မည်သည့်ပုဒ်မ/ ပြစ်ဒဏ်ကျခံနေရသူများ ပါဝင်သည်ကို ကြိုတင်မသိနိုင်သည့်အတွက် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က ပြစ်ဒဏ်ကျအကျဉ်းသားများ၏ မိသားစုများထံသို့ တယ်လီဖုန်းဖြင့်ဆက်သွယ်ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် ထည့်သွင်းပေးမည်ဟု ပြောဆို၍ ငွေကြေးတောင်းခံလာပါက အလွယ်တကူယုံကြည်မှုမရှိကြရန် လိုအပ်ကြောင်း အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကိစ္စအား လူကိုယ်တိုင်၊ တယ်လီဖုန်း၊ တစ်နည်းနည်းဖြင့် ဆက်သွယ်ပြောဆို၍ ငွေကြေးတောင်းခံလာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပြီး လိမ်လည်ငွေကြေးတောင်းခံသည့် တရားခံအား အမြန်ဆုံးစိစစ်ဖော်ထုတ် အရေးယူနိုင်ရေး ပူးပေါင်းပါဝင်ကြရန် အကျဉ်းဦးစီးဌာနက တိုက်တွန်းထားသည်။

ပြစ်ဒဏ် လွတ်ငြိမ်းချမ်းသာခွင့်တွင် ပါဝင်လွတ်မြောက်နိုင်ရေးမှာ အဓိကအားဖြင့် ယင်းအကျဉ်းသား၊ အကျဉ်းသူ၏ ပြစ်မှုကျူးလွန်စဉ်က ဆိုးရွားသောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သူမဟုတ်ခြင်း၊ လွတ်မြောက်သွားပါက နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်မည့်သူများဖြစ်ခြင်း၊ နိုင်ငံတော် အကြီးအကဲကလည်း မေတ္တာကရုဏာ ကြီးမားစွာဖြင့် စေတနာထားရှိခြင်းတို့အပေါ် အခြေခံ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းဖြစ်ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။ ယနေ့ခေတ် အမည်ခံ Facebook page တွင် ဖော်ပြထားသည့် သတင်းမှာ အကျဉ်းထောင်၏ လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ နည်းဥပဒေများကို မျက်ကွယ်ပြု၍ ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်စေရန် လုပ်ကြံဖန်တီးရေးသား ဖော်ပြထားခြင်းသာဖြစ်သည်။ **ရီရီသင်း**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မေ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ကျော်မျိုးထက် မောင်းနှင်ပြီး ကျော်လေး လိုက်ပါလာသည့် HYUNDAI STAREX အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလိုကို လည်းကောင်း၊ ထို့နေ့ နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂) ရပ်ကွက်တွင် မသက်ဘဖွယ်တွေ့ရှိသူ ညွန့်ဝင်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၉ နာရီ ၁၀ မိနစ်တွင် အဆိုပါနေရာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ သိန်းဝင်း ကို ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## အမျိုးသမီးများအား ပြည့်တန်ဆာအလုပ်ကို အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၈**

အမျိုးသမီးများအား ပြည့်တန်ဆာအလုပ်ကို အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နေ ဒေါ်မိုးမိုးသူဇာထွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဒေါ်ခင်စန်းမြင့်(ခ)အမိုးတို့က လှိုင်သာယာမြို့နယ်နေ မ---၊ ၂၀/၂၃ နှစ် နှင့် ရွှေပြည်သာမြို့နယ်နေ မ ---၊ ၂၄/၂၃ နှစ်၊ မ----၊ ၂၃/၂၃ နှစ်တို့ကို မြိတ်မြို့ရှိ KTV တွင် အလုပ်လုပ်ကိုင်ပါက တစ်နာရီလျှင် ငွေကျပ် ၅၀၀၀ ရမည်ဟု ပြောဆိုစည်းရုံးကာ KTV တွင် လုပ်ကိုင်ရခြင်းမရှိဘဲ ပြည့်တန်ဆာအလုပ်အား အတင်းအဓမ္မခိုင်းစေကာ ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မြိတ်မြို့မရဲစခန်း (ပ)၂၅၀/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၅ ရက်တွင် တရားခံ ဒေါ်မိုးမိုးသူဇာထွေး နှင့် ဒေါ်ခင်စန်းမြင့်(ခ)အမိုး တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့နေ မ ---၊ ၃၆/၂၃ နှစ်နှင့် မ---၊ ၃၅/၂၃ နှစ် တို့ နှစ်ဦးသည် အွန်လိုင်းမှ အလုပ်ကြော်ငြာတွေ့၍ ကျိုင်းတုံသို့ သွားရောက်ခဲ့ရာမှ ကျိုင်းတုံမြို့နေ မချောစုလှိုင် ဖွင့်လှစ်ထားသော KTV ဆိုင်နှင့်"ဝ"အထူးဒေသ(၄) ကျိုင်းယံမြို့ရှိ နေအိမ်၌ ပြည့်တန်ဆာ အလုပ်တို့ကို အဓမ္မခိုင်းစေ၍ လုပ်ကိုင်ခဲ့ရပြီး လုပ်အားခများခေါင်းပုံဖြတ်ခံခဲ့ရသဖြင့် ကျိုင်းတုံမြို့မ ရဲစခန်း (ပ) ၁၈၆/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ- ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်၍ ကျိုင်းတုံခရိုင် တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ မေ ၅ ရက်တွင် တရားခံ မချောစုလှိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

### နိုင်ငံတကာသတင်း

## မိုဇမ်ဘစ်နိုင်ငံ၌ သင်္ဘောတိမ်းမှောက်မှုဖြစ်ပွား၊ ၉၁ ဦး သေဆုံး

**မာပူတို မေ ၈**

မိုဇမ်ဘစ်နိုင်ငံမြောက်ပိုင်း နမ်ပူလာပြည်နယ် မိုဇမ်ဘစ်ကျွန်းအနီး မေ ၇ ရက်က တန်ပိုတင်ဆောင်လာသည့် သင်္ဘောတစ်စင်းတိမ်းမှောက်မှု ဖြစ်ပွားသဖြင့် ၉၁ ဦးထက်မနည်း သေဆုံးကြောင်း အစိုးရပိုင်ရေဒီယိုမိုဇမ်ဘစ်(အာအမ်)က ကြေညာထားသည်။ သေဆုံးသူများထဲတွင် ကလေးငယ်များပါဝင်ပြီး အခြား လူ ၃၄ ဦးမှာ ပျောက်ဆုံးနေကြောင်းနှင့် အသက်ရှန်ကျန်ရစ်သူ ငါးဦး တွေ့ရှိကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါသင်္ဘောမှာ မော့စ်ဆူရီခရိုင်မှ ထွက်ခွာပြီး ခရီးသည် ၁၃၀ သယ်ဆောင်လာခဲ့ကြောင်း နမ်ပူလာပြည်နယ် အတွင်းရေးမှူး ဂျေမီနီတိုက ပြောကြားသည်။ ၎င်းခရီးသည်များမှာ ကာလဝမ်းရောဂါဖြစ်ပွားမှုနှင့် ပတ်သက်သည့် သတင်းမှားကြောင့် ထိတ်လန့်မှုများ ဖြစ်ပွားပြီးနောက် ၎င်းတို့၏ မူလနေရာမှ ထွက်ခွာလာခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သင်္ဘောတိမ်းမှောက်မှုကြောင့် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေရန်အတွက် အာဏာပိုင်များက ကဏ္ဍပေါင်းစုံ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



## အီရတ်က ဂါဇာကမ်းမြောင်သို့ စက်သုံးဆီ လီတာ ၁၀ သန်း ပေးပို့မည်

**ဘဂ္ဂဒက် မေ ၈**

ဂါဇာကမ်းမြောင်သို့ စက်သုံးဆီ လီတာ ၁၀ သန်း ပေးပို့သွားမည့် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို မေ ၇ ရက်တွင် အီရတ်နိုင်ငံက ထုတ်ပြန် ကြေညာခဲ့သည်။

ထို့အပြင် အီရတ်နိုင်ငံရှိ ဆေးရုံများတွင် ဂါဇာမှ ထိခိုက်ဒဏ်ရာရသူများကို ဆေးဝါးကုသမှုပေးရန်အတွက်လည်း ကမ်းလှမ်းထားသည်။ အီရတ်ဝန်ကြီးချုပ်မီဒီယာရုံးက ထုတ်ပြန်သော ကြေညာချက်အရ အစ္စရေးက ဂါဇာကမ်းမြောင်ကို ဆက်လက် ပစ်ခတ် တိုက်ခိုက်လျက်ရှိစဉ် အီရတ်အစိုးရက ပါလက်စတိုင်းများကိုကူညီရန် ပြုလုပ်သော ဝန်ကြီးများ ကောင်စီအစည်းအဝေးအတွင်း အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံသည် ယခင်ကလည်း အီဂျစ်အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဂါဇာကမ်းမြောင်သို့ စက်သုံးဆီနှင့် ဆေးဘက်ဆိုင်ရာ အကူအညီများ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်တွင် ပါလက်စတိုင်း သေဆုံးသူ ၃၃၀၀၀ ကျော်လွန်လာပြီး ၎င်းတို့၏ ပိတ်ဆို့ဟန့်တားမှုများကြောင့်လည်း ဂါဇာတွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အခြေအနေဆိုးရွားမှုကို ဖြစ်ပေါ်စေသည်။ **ဆင်ဟွာ**

## အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာတပ်မှူးနှင့် အဖွဲ့ဝင်သုံးဦးသေဆုံး

**ဘေရွတ် မေ ၈**

လက်ဘနွန်နိုင်ငံ တောင်ပိုင်း၌ မေ ၈ ရက် အစောပိုင်းက အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်ရှီးယိုက်အုပ်စု ဟစ်ဇ်ဘိုလာတပ်မှူးတစ်ဦးနှင့် အခြားအဖွဲ့ဝင် သုံးဦးသေဆုံးကြောင်း လက်ဘနွန်တပ်ဖွဲ့၏ သတင်းရင်းမြစ်များက ပြောကြားသည်။

အဆိုပါ လေကြောင်း တိုက်ခိုက်မှုကြောင့် လက်ဘနွန်နိုင်ငံ ဆူတာနီယက်မြို့ တောင်ပိုင်းကျေးရွာတစ်ရွာ၌ နေအိမ်တစ်လုံးနှင့် အနီးနားရှိနေအိမ်များ ပျက်စီးခဲ့ပြီး ဟစ်ဇ်ဘိုလာတပ်မှူး အလီအာမက်ဟူစိန်နှင့် အခြားအဖွဲ့ဝင် နှစ်ဦးသေဆုံး၍ အရပ်သားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမည်မဖော်လိုသည့် သတင်းရင်းမြစ်များမှ သိရသည်။

အလားတူ လက်ဘနွန်နိုင်ငံ ကက်ဖ်ကီလာကျေးရွာ အရှေ့တောင်ဘက်သို့ ပစ်မှတ်ထားသည့် နောက်ထပ်လေကြောင်း တိုက်ခိုက်မှုကြောင့် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား တစ်ဦး သေဆုံးပြီး နေအိမ် ၂၃ လုံးကျော် ပျက်စီးခဲ့ကြောင်း သတင်းရင်းမြစ်များမှ သိရသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစကာ လက်ဘနွန် - အစ္စရေး နယ်စပ်တစ်လျှောက် တင်းမာမှုများ မြင့်တက်လာခဲ့သည်။

ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတို့အကြား ထိပ်တိုက်တွေ့ဆုံမှုများကြောင့် လက်ဘနွန်ဘက်မှ ဟစ်ဇ်ဘိုလာအဖွဲ့ဝင် ၂၆၅ ဦးနှင့် အရပ်သား ၇၄ ဦး သေဆုံးခဲ့ကြောင်း လက်ဘနွန်လုံခြုံရေး သတင်းရင်းမြစ်များက ပြောကြားသည်။ **ဆင်ဟွာ**

❑ *ကျောဖုံးမှ*

နေအိမ်တတိယထပ်ရှိ ရွှေထည်ပစ္စည်းများထားသည့် မီးခံသေတ္တာကို ဖွင့်ခိုင်း၍ အဆိုပါမီးခံသေတ္တာအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန်နှစ်ပိဿာခွဲခန့်၊ ကာလတန်ဖိုးငွေကျပ်သိန်းတစ်သောင်းကျော်ခန့်ကို လုယက်ယူဆောင်သွားခဲ့သဖြင့် တရားခံများ ဖမ်းဆီးရမိနိုင်ရေး အောင်မြေသာစံမြို့နယ် အမှတ်(၅)မြို့မရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၉၄/၁၁၄ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက နေ့၊ ညမပြတ်သတင်းရယူ စုံစမ်းထောက်လှမ်းခြင်း၊ ခေတ်မီနည်းပညာအကူအညီများ ရယူအသုံးပြုခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသော ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ပြစ်မှုကျူးလွန်သည့် တရားခံလေးဦးတွင် ပါဝင်သူ ပုသိမ်ကြီးမြို့နယ် အောင်သုခ ရပ်ကွက်နေ မြတ်သူအောင်(၂၄)နှစ်၊ (ဘ)ဦးအောင်ဌေးကို မေ ၇ ရက် ည ၁၂ နာရီခွဲတွင် ၎င်း၏နေအိမ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။


ဖမ်းဆီးရမိသူ တရားခံမြတ်သူအောင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ပုသိမ်ကြီးမြို့နယ် နတ်စိမ်းကျေးရွာနေ စိုးမိုးဦး(၂၄)နှစ်၊ (ဘ)ဦးမြင့်လင်း၊ ပန်းထိမ်လုပ်ငန်း လုပ်ကိုင်သူကို မေ ၈ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ တစ်ရွာတည်းနေ ညီထူးအောင်(ခ)ညီညီ(၂၃)နှစ်၊ (ဘ)ဦးအောင်ကျော်၊ ကျပန်းလုပ်ကိုင်သူကို နံနက် ၂ နာရီတွင် လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ် ကံကွဲကျေးရွာနေ မျိုးကို(ခ)မျိုးကိုကို(ခ)အားကွေ့(၂၅)နှစ်၊ (ဘ)ဦးအောင်ငွေ၊ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို နံနက် ၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ၎င်းတို့၏ နေအိမ်များတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ "လင်းလက်ဝါ" ရွှေပန်းထိမ်ဆိုင်ကို လုယက်၊ ဓားပြတိုက်ရန် သတင်းပေးခဲ့သူ အောင်မြေသာစံမြို့နယ် ဥာနေအရှေ့ရပ်ကွက် အကွက်(၂၁)၊ ဘုရားငါးဆူဝန်းနေ ကိုကိုနိုင်(ခ)ကိုနိုင်(၄၂)နှစ်၊ (ဘ)ဦးအောင်ခင်၊ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို နံနက် ၉ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ လုယက်၊ ဓားပြတိုက်ရာမှ ရရှိလာသည့် ရွှေထည်ပစ္စည်းများအား ကော်ခွာခြင်း၊ ရွှေအရည်ကျိုခြင်းများ ကူညီလုပ်ကိုင်ပေးသူ ပုသိမ်ကြီးမြို့နယ် နတ်စိမ်းကျေးရွာနေ မင်းမင်းစိုး(ခ)တုတ်ကြီး(၂၃)နှစ်၊ (ဘ)ဦးကြည်သန်း၊ လက်သမားလုပ်ကိုင်သူကို နံနက် ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ရွှေပန်းထိမ်ဆိုင်အား လုယက်၊ ဓားပြတိုက်ရန်အတွက် ကိုကိုနိုင်(ခ) ကိုနိုင် ကို မြတ်သူအောင်နှင့်ချိတ်ဆက်တွေ့ဆုံ ပေးပြီး လုယက်၊ ဓားပြတိုက်ရာတွင် အသုံးပြုခဲ့သည့် လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် သေနတ်ဝယ်ယူပေးသူ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ထက်လှိုင်(ခ) ကိုလှိုင်ကြီး၊ ကားအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူကို နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း ၎င်းတို့၏ နေအိမ်များ၌ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားသည့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ နေ့၊ ညမပြတ်ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် အမှုမှ တရားခံ မြတ်သူအောင်၊ စိုးမိုးဦး၊ ညီထူးအောင်(ခ)ညီညီ၊ မျိုးကို(ခ)မျိုးကိုကို(ခ)အားကွေ့၊ မင်းမင်းစိုး(ခ) တုတ်ကြီး၊ ကိုကိုနိုင်(ခ)ကိုနိုင်နှင့် ထက်လှိုင်(ခ) ကိုလှိုင်ကြီးတို့ခုနစ်ဦးကို ပြစ်မှု ဖြစ်ပွားပြီး ၁၂ ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ ပါဆုံးသက်သေခံရွှေထည်ပစ္စည်းများနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Mark II 99 အဖြူရောင် မော်တော်ယာဉ်တစ်စီး၊ ပစ္စတိုသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**အောင်မြေသာစံမြို့နယ်၊ အမှတ် (၅)မြို့မရဲစခန်း(ပ)၅၁/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ- ၃၉၄/၁၁၄ အမှုမှ ပြစ်မှုကျူးလွန်သူများ**




## ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့မှ လမ်းသွားလမ်းလာ ပြည်သူများကို စစ်မှုထမ်းဆောင်ရန် ပေါ်တာဆွဲဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့တွင် မေ ၇ ရက်က လမ်းသွားလမ်းလာ




ပြည်သူ ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ် အရှေ့ချောင်းဂွကျေးရွာမှ န္တားကျောင်းသား သုံးဦး၊ လမ်းသွားလမ်းလာ ပြည်သူနှစ်ဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို ဝမ်းနည်းဖွယ်တွေ့ရှိရသည်။

အဆိုပါသတင်းမှာ မှန်ကန်မှု မရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့ရွာများတွင် အကြမ်းဖက် သောင်းကျန်းသူများ ဝင်ရောက်လှုပ်ရှားမှု မရှိစေရန် အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ လှည့်ကင်း ပတ်ကင်း ဆောင်ရွက်ခြင်းများသာ လုပ်ဆောင်လျက်ရှိပြီး လမ်းသွားလမ်းလာ ပြည်သူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက မိဘပြည်သူများ၊ လူငယ်လူရွယ်များကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်း စသည့် ကောလာဟလ သတင်းအမှားများဖြင့် ဝါဒဖြန့် လှုံ့ဆော်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ *ကျောဖုံးမှ*

ဒီရာသီမှာ ဖလားဆွတ်ခူးနိုင်ခြေ ချန်ပီယံလိဂ်သာ ရှိတော့တဲ့အတွက် ရလဒ်ကောင်းရရှိရေး အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာပါ။ သို့သော်ငြား ဒီရာသီမှာ တိုက်စစ်၊ ခံစစ်အကောင်းဆုံးပုံစံမှာရှိတဲ့ အာဆင်နယ်အသင်းကို အမ်းမရိတ်ကွင်းမှာ ဘိုင်ယန်မြူးနစ်အသင်း နိုင်ပွဲရရေး အခက်တွေ့ဖွယ်ရှိတယ်။

ရီးရဲမက်ဒရစ်နဲ့ မန်စီးတီးအသင်းပွဲစဉ်ကို ဘာနေဗျူးကွင်းမှာ ယှဉ်ပြိုင်ကစားသွားမှာပါ။ ရီးရီမက်ဒရစ်က မန်စီးတီးနဲ့တွေ့ဆုံတိုင်း အကြိတ်အနယ်ကစားရပြီး ရလဒ်ပိုင်း ဆိုးရွားလေ့ရှိတယ်။ နောက်ဆုံးအကြိမ်တွေ့ဆုံမှုမှာဆိုရင် မန်စီးတီးအသင်းက လေးဂိုးပြတ်နိုင်ပွဲရတဲ့အထိ စွမ်းဆောင်ထားနိုင်တယ်။

ချန်ပီယံလိဂ်မှာ သမိုင်းအစဉ်အလာကြီးမားတဲ့ ရီးရဲမက်ဒရစ်ကို ဘာနေဗျူးမှာ မန်စီးတီးအသင်း အသာရဖို့ မလွယ်ကူတဲ့ အခြေအနေမှာ ရှိတယ်ဆိုပေမယ့် ရရှိလာမယ့်အခွင့်အရေး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ရင် ရလဒ်ကောင်း ရရှိနိုင်တယ်။

အောင်ဇော်

## အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ယခုနှစ်ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ယှဉ်ပြိုင်ခွင့်ရရှိ

**ရန်ကုန် မေ ၈**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံကလပ် ချန်ပီယံရှစ် ပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည် ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ်အသင်း တစ်သင်း ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၀၃ နှင့် ၂၀၀၅ ခုနှစ်တို့တွင် ကျင်းပပြီးနောက် ယခုမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ၂၀၂၄ - ၂၀၂၅ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၀၂၅ ခုနှစ် မေ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် ပြန်လည်ကျင်းပမည့် ယင်းပြိုင်ပွဲတွင် အာဆီယံနိုင်ငံများမှ ကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ ကလပ်အသင်းနှစ်သင်းစီ၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့မှ ကလပ်အသင်း တစ်သင်းစီတို့မှာ နောက်ဆုံးအဆင့်တို့မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်ပြီး လိဂ်ချန်ပီယံအသင်းဖြစ်သည်။ မြန်မာ၊ ဘရူနိုင်း၊ လာအို၊ ကမ္ဘောဒီးယားတို့မှ တစ်သင်းစီမှာ ခြေစစ်ပွဲ Play-off ကစားရမည်ဖြစ်ပြီး နှစ်သင်းမှာ နောက်ဆုံးအဆင့် တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည် ဖြစ်သည်။ နောက်ဆုံးအဆင့်ကို ခြောက်သင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကလပ်အသင်းတစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး လိဂ်ချန်ပီယံအသင်း သို့မဟုတ် ဒုတိယဆုရသည့် အသင်းအား စေလွှတ်ယှဉ်ပြိုင်ဖွယ် ရှိနေသည်။

ကျင်းပပြီးစီးခဲ့သည့် နှစ်ကြိမ်စလုံးတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဘဏ္ဍာ/အခွန်အသင်း ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် နုတ်ထွက်ခဲ့ကာ ၂၀၀၅ ခုနှစ်တစ်ကြိမ်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် ၂၀၀၅ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ရဲရင့်လွင်

## မိုင်းယောင်းမြို့၌ ရွှေဆိုင်ဓားပြတိုက်မှုဖြစ်ပွား သေနတ်ပစ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံး

**မိုင်းယောင်း မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ က ရွှေဆိုင်တစ်ဆိုင်တွင် ဓားပြတိုက်မှုဖြစ်ပွားရာ လူတစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမျိုးသားသုံးဦးသည် အမှတ်(၈)ရပ်ကွက်ရှိ "ဝေရတ်" ရွှေဆိုင်ကို ဓားပြတိုက်ရာမှ သေနတ်ပစ်ခတ်မှုကြောင့် ရွှေဆိုင်ပိုင်ရှင် ဦးစိုင်းခမ်းတစ် ဒဏ်ရာရရှိခဲ့ပြီး ၎င်းရွှေဆိုင်နှင့် ကပ်လျက်နေအိမ်မှ ဒေါ်အိမွန်း သေနတ်ကျည်ထိမှန်မှုကြောင့် သေဆုံးခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မိုင်းယောင်းမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၃ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေ/ နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-072(24-25)CAP | Spare Parts for Caterpillar 3512 Engine (2) Items | Ks |
| (၂) | DMP/L-073(24-25)CAP | Spare Parts for Caterpillar C 13 Engine (3) Items | Ks |
| (၃) | DMP/L-074(24-25)CAP | Assorted Sizes of Steel Wire Rope & Lifting Slings (3) Groups | Ks |
| (၄) | DMP/L-075(24-25)CAP | Spare Parts for MI-2 Dozer (66) Items | Ks |
| (၅) | DMP/L-076(24-25)CAP | Spare Parts for Weichai Marine Engine (56) Items | Ks |
| (၆) | DMP/L-077(24-25)CAP | Spare Parts for Yanmar Marine Engine (17) Items | Ks |
| (၇) | DMP/L-078(24-25)CAP | Spare Parts for Caterpillar D 353 Marine Engine (30) Items | Ks |
| (၈) | DMP/L-079(24-25)CAP | Spare Parts for Aspro and Kwangshin Dispenser (4) Items | Ks |
| (၉) | DMP/L-080(24-25)CAP | Spare Parts for IMW Dispenser (6) Items | Ks |
| (၁၀) | DMP/L-081(24-25)CAP | Spare Parts for L-Type & ZW-Type Dispenser (5) Items | Ks |
| (၁၁) | DMP/L-082(24-25)CAP | Spare Parts for Sunction Dryer (8) Items | Ks |
| (၁၂) | DMP/L-083(24-25)CAP | Spare Parts for ZW-Type Compressor (12) Items | Ks |
| (၁၃) | DMP/L-084(24-25)CAP | Spare Parts for Kwangshin Compressor (24) Items | Ks |
| (၁၄) | DMP/L-085(24-25)CAP | Spare Parts for Safe Compressor (HP) (18) Items | Ks |
| (၁၅) | DMP/L-086(24-25)CAP | Spare Parts for L-Type Compressor (7) Items | Ks |
| (၁၆) | DMP/L-087(24-25)CAP | Spare Parts for Caterpillar G-3412 Gas Engine (1) Lot | Ks |
| (၁၇) | DMP/L-088(24-25)CAP | Spare Parts for Retest Factory (24) Items | Ks |
| (၁၈) | DMP/L-089(24-25)CAP | Ball Valve and Pipe Fitting (2) Groups | Ks |
| (၁၉) | DMP/L-090(24-25)CAP | Heat Shrinkable Sleeve and Closure Patches (4) Items | Ks |
| (၂၀) | DMP/L-091(24-25) | Barytes (Local) (3000) Tons | Ks |
| (၂၁) | DMP/L-092(24-25) | Class 'G' Cement (1000) Tons | Ks |
| (၂၂) | DMP/L-093(24-25) | Mud Chemical (4) Items | Ks |
| (၂၃) | DMP/L-094(24-25) | Welding Electrode (2) Groups | Ks |
| (၂၄) | DMP/L-095(24-25) | Industrial Raw Materials (2) Groups | Ks |
| (၂၅) | DMP/L-096(24-25) | Assorted Sizes of API 5L Steel Line Pipe (2) Items | Ks |
| (၂၆) | DMP/L-097(24-25) | Lubricant Oil (5) Items | Ks |
| (၂၇) | IFB-001(24-25) | Cement Additives (6) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၈-၄-၂၀၂၄ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၉-၄-၂၀၂၄ ရက်နေ့ (၁၃:၀၀)**နာရီ တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 12(T)DPTSC(PSD)/24-25 | မဟာဓာတ်အားလိုင်းများ အရေးပေါ်ပြုပြင်နိုင်ရန်အတွက် Galvanized Steel Tower များဝယ်ယူရန်။ |
| ခ | 13(T)DPTSC(MP)/24-25 | လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနတွင် အသုံးပြုရန် Four Wheel Tractor (95 HP), Four Wheel Tractor (57 HP) နှင့် 5-Tons Forkift ဝယ်ယူရန်။ |
| ဂ | 14(T)DPTSC(PTP)/24-25 | ဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းသုံး ပစ္စည်းများ ဝယ်ယူရန်။ |
| ဃ | 15(T)DPTSC(PTP)/24-25 | ဖဖြေကော့ဗ္ဗိ မော်လမြိုင်-မော်လမြိုင်လေဆိပ် ဓာတ်အားလိုင်း(၂၀)မိုင် အတွက် လိုအပ်သော ကွန်ကရစ်ကျောက်တိုင်များ ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃၀-၄-၂၀၂၄) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သူငွေးရေအားလျှပ်စစ် စီမံကိန်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် အောက်ပါ လုပ်ငန်းများအား ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

(က) တမံဖို့ ကျောက်ကြီး (၁၀၀,၀၀၀) ကျင်း ဌာနစုပုံကွင်း အရောက် ထုတ်လုပ်စုဆောင်းခြင်း လုပ်ငန်း (Tender No.01/ DHPI (P&W)/ 2024-2025)

(ခ) ကျောက် (၃၈,၈၀၀) ကျင်း ကြိတ်ခွဲ ထုတ်လုပ်/အရောက်ပို့ခြင်း လုပ်ငန်း (Tender No.02/DHPI(P&W)/2024-2025)

(ဂ) CVC ကွန်ကရစ် (၃၉,၄၀၀) $m^3$ ဖျော်စပ်ထုတ်လုပ်ခြင်းလုပ်ငန်း (Tender No.03/DHPI(P&W)/2024-2025)

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၁)ဦးသာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield)များဝတ်ဆင်၍ လာရောက် ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** | - | ( ၅ - ၄ - ၂၀၂၄) ရက်မှ (၂- ၅ -၂၀၂၄) ရက်နေ့ထိ |
| **တင်ဒါပုံစံ ရောင်းချမည့်အချိန်** | - | ရုံးဖွင့်ရက်(၁၃:၀၀) နာရီမှ (၁၅:၀၀ )နာရီအတွင်း |
| **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (၃ ထပ်ဆောင်၊ ရုံးသစ်)၊ရုံးအမှတ်(၂၇)၊နေပြည်တော်။ |
| **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် နေ့ရက်၊ အချိန်၊ နေရာ** | - | အပိုဒ်(၁-က) ပါလုပ်ငန်းအတွက် (၁၅ - ၅ -၂၀၂၄) ရက်၊ (၁၃:၀၀)နာရီ<br>အပိုဒ်(၁-ခ) ပါ လုပ်ငန်းအတွက် (၁၅ - ၅ -၂၀၂၄) ရက်၊ (၁၃:၃၀)နာရီ<br>အပိုဒ်(၁-ဂ) ပါ လုပ်ငန်းအတွက် (၁၅ - ၅ -၂၀၂၄) ရက်၊ (၁၄:၀၀)နာရီ<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ (အစည်းအဝေးခန်းမ၊ ၃ ထပ်ဆောင်၊ ရုံးသစ်)၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်။ |

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www. moep. gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်( ၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၈၁၀၄၁၈၄၊ ၀၆၇- ၈၁၀၄၂၉၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊ အမှတ်(၁၈)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၆) ကြာနီကန်၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(၀.၁၂၄) ဧကရှိ ဒေါ်ဥ အမည်ပေါက် မြေအား ဦးလှဖေပါ(၃)ဦးမှ (၂၂-၁၁-၂၀၂၃)ရက်စွဲပါ တောင်ငူခရိုင်တရားရုံး၏ ကျမ်းကျိန်အမှတ်စဉ်-(၇၆၃/၂၀၂၃) နှစ်ဦးသဘောတူ ခြံမြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပိုင်ဆိုင်ထားရှိခဲ့ပါကြောင်းနှင့် ယခုအခါ ဦးလှဖေပါ(၃)ဦးအမည်ဖြင့် သက်တမ်းတိုး/ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့်အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးလှဖေပါ(၃)ဦး အား မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **တောင်ငူမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/19186 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီစိုး ၇/ပခန(နိုင်)၂၂၃၂၁၄ က (ကမ-၃ )ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထား များ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

### ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့နယ်၊ ကွင်းတောင်ရပ်ကွက်နေ ဦးမောင်မောင် ၏ သမီး မခိုင်ခင်ဦး ၈/ဆပဝ(နိုင်)၁၀၀၆၅၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉ ၇၆၆ ၈၄၁ ၅၃၁**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် R/9415, Toyota Dyna ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အိုး ၅/ရဘန(နိုင်) ၂၀၁၂၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/5452, Jialing-90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသန်း ၅/မလန(နိုင်) ၀၀၂၁၈၄က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/9164 Toyota Probox NCP50 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင် ၁၂/အစန(နိုင်)၁၈၂၉၃၂ က (ကမ-၃ ) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/70254 ယာဉ်လက်ဝယ်ရှိသူ ဦးဥက္ကာအောင် ၇/ပခန(နိုင်)၁၈၅၁၀၅ က (ကမ-၃ ) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/74264 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဖြိုးအောင် ၁၄/ကကန(နိုင်) ၁၃၁၅၀၆ က (ကမ-၃ )ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/6853 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းပြည့်စုံ ၁၃/တကန(နိုင်)၂၈၅၄၆၅ က (ကမ-၃ ) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

### အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မအူကုန်ရပ်ကွက်၊ ကံကြီးလမ်းပေါ်ရှိ ဘိုးဘွားပိုင်မြေ (၉၀x၄၀) ဦးမြင့်ဝေ ၇/လပတ(နိုင်)၀၁၂၀၄၁ပိုင်ဆိုင်သောခြံမြေအားဦးမြင့်ဝေနှင့် ၎င်းကိုယ်စားလှယ်လွှဲထားခြင်းခံရသူ သားဦးသက်ဇင်ဦး ၇/လပတ(နိုင်) ၀၉၃၀၂၀တို့ မသိရှိဘဲ အထက်ပါခြံမြေကို အရောင်းအဝယ်ပြုလုပ်ခြင်း အခြားကိစ္စများဆောင်ရွက်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို ကန့်ကွက်ပါကြောင်းနှင့် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်ပါက တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးသက်ဇင်ဦး ၇/လပတ(နိုင်)၀၉၃၀၂၀**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၅၈)၊ ဦးပိုင်အမှတ် (၈၇-ခ)၊ ၃၃x၃၄ လမ်းကြား၊ ၈၂X၈၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးယဉ်သိန်း၊ ဒေါ်သိန်းသိန်းမြင့် တို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၉၃၆/၂၀၀၉)ဖြင့် ဦးထွန်းအောင်ကြည်က ဝယ်ယူခဲ့ပြီး ဦးထွန်းအောင်ကြည် ၏ (SPရရှိသူ ဒေါ်လှလှဝင်း) ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ်(၅၀၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်သိန်း ၉/မရတ(နိုင်)၀၆၃၇၂၃ က အမှုတွဲအမှတ် ၀၀၀၄/ဘ/ပြောင်း /၂၀၂၄-၂၀၂၅ဖြင့် ဘိုးဘ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၁၈)၊ ဦးပိုင်အမှတ်(၅-ခ)၊ ၇၆လမ်းမေးတင်၊ ၂၈x၂၉လမ်းကြားရှိ ဒေါ်ကြွယ်၊ ဦးသန်းထွန်း၊ ဒေါ်ညိုညို၊ ဦးအေးကို၊ ဦးခင်မောင်အေး အမည်ပေါက် ဘိုးဘမြေကွက်အား၊ (ဖခင်) ဦးပု၊ (မိခင်) ဒေါ်ကြွယ်၊ ဦးသန်းထွန်း၊ ဦးအေးကိုတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၉၃၈/၂၀၂၃) ဖြင့်အမွေဆက်ခံခဲ့သည့် ဒေါ်ညိုညို၊ ဦးခင်မောင်အေး၊ ဒေါ်တင်ရီ၊ ဒေါ်လီလီခိုင်(ခ) ဒေါ်အေးအေးတို့၏ (SP ရရှိသူ ဒေါ်စုစီလာဒေဝီ)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၅၁၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဘီစ်နူး ပါရာဆပ်(ခ) ဦးဘီစနူးပရာဆပ် ၉/ခအဇ(နိုင်)၀၃၃၇၅၉က အမှုတွဲအမှတ် (၀၀၀၂/ဘ/ပြောင်း)၂၀၂၄- ၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်နေ ဦးမျိုးလွင်ဌေး-ဒေါ်ဖွေးဖွေးမြင့် တို့၏သား မောင်စိုပြေလွင် ၅/စကန(နိုင်)၃၃၉၁၉၃ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမျိုးလွင်ဌေး-ဒေါ်ဖွေးဖွေးမြင့်**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ မူလရွှေတံခါး(၁)လမ်းနေ ဦးထင်ကျော် ၇/ပမန(နိုင်) ၀၂၉၆၆၂ ၏သား မောင်သူရဇော် ၇/ပမန(နိုင်)၂၀၃၉၂၇ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ယာဉ်အမှတ် SHN/4876 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)ကျိုင်းတုံမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်ရှိ မြေကွက်အမှတ်(ပ-၄၈၇၅)ကိုအမည်ပေါက် ဒေါ်ငွေအောင်(ဘ) ဦးသွယ် ၉/ပဗသ(နိုင်)၀၁၅၄၄၇ ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ပိုင်ဆိုင်ထားသူ ဦးမျိုးကို (ဘ) ဦးဝင်းလွင် ၉/ပမန(နိုင်)၂၃၃၆၄၇ မှ မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေပေးစလစ်မူရင်း၊ အရပ်ကတိအရောင်းအဝယ်စာချုပ်(မိတ္တူ)၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ မြေပြင်အခြေအနေပြ ဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "မြေကွက်နှင့်နေအိမ်အရောင်းအဝယ်အားကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ လူနေရပ်ကွက်အမှတ် (ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(ရရရ)၊ (၄၀ပေ × ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ အကျယ်အဝန်းရှိ **ဒေါ်တင်တင်ဌေး (N/OKA-၀၁ရ၈၆၄)**အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော မျက်နှာချင်းဆိုင်မှလျှင် (လက်ယာဘက်ခြမ်း)၊ အမှတ်(ရရရ)၊ တကောင်း(၃)လမ်း၊ (၁၄)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ အကျယ်အဝန်း(၂၀ပေ×၆၀ပေ)ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်သော **ဦးရဲမိုးသီဟ (၉/ပကခ(နိုင်) ၀၂၁၃၀၄) နှင့် ဒေါ်ဖြူဖြူသိမ့် (၁၂/ဥကမ(နိုင်) ၁ရ၀၈၂၈)**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသဖြင့်ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မှုရင်းများဖြင့် ကျွန်ုပ်ထံသို့ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ - **ဦးကျော်မျိုးထွန်း LL.B ,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၉ရ၁)**
**အမှတ်-(၂၄၉/ဂ)၊ မိဂသီ(၁၈)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-ရ၉၉၁၁၁၂၈၅၊ ၀၉-၂၆၃၀၆၀၆၆၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/19927 TRAULERGT FARM TRUCK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးတိုး ၈/ရစက (နိုင်)၁၄၉၄၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/34036 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ မိုးသောက်ပန်း Real School ကိုယ်ပိုင်မူလတန်းကျောင်း Grade-4မှ (ဘ) ဦးအောင်ကျော်စိုး ၁၂/လသယ(နိုင်)၀၃၃၄၁၇ ၏သမီး မအေးညိမ်းသူအား မအေးမြတ်သန္တာအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲနိုင် ၅/ကဘလ(နိုင်) ၁၂၇၅၁၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၄၇၇၃၅၄၃**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/အေ)ရပ်ကွက်၊ သုခလမ်း၊အမှတ်(၃၄၉)နေ (ဘ)ဦးဖိုးတော်၏သား ဦးသန်းရွှေ(SGG-၀၆၈၉၆၀)၊ ၁၂/ကတတ(နိုင်)၀၁၄၉၃၀ မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၉/အေ)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၃၄၉)နေ (ဘ) ဦးကံစိန်၏သမီး ဒေါ်မြတ်မြတ်နွယ် ၁၂/သကတ(နိုင်)၀၅၂၆၇၂ အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၁၁-၃-၂၀၁၆ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၈၂၅/၂၀၁၆ ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါအထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းရွှေမှ အထက်ပါအထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက်လွှဲအပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးချမ်းမွန် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၄၄၇)**
**အမှတ်(၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၁၉၂)၊ မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ညွန့်ရွှေ (ဘ) ဦးဌေးသောင် ၅/ရဘန(နိုင်)၀၉၃၉၅၁ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ညွန့်ရွှေ ထံမှ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၃/၂၀၂၀ (၂၈-၁-၂၀၂၀) ရရှိထားသူ ဒေါ်ဇာခြည်ဝင်း (ဘ)ဦးညံမောင် ၇/ပမန(နိုင်)၁၅၀၃၃၆ မှ ဦးကျော်စွာထွန်း (ဘ)ဦးတင်မြ ၁၃/တကန(နိုင်)၂၃၄၅၃၇ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၃၂ ဧကရှိ ဦးအာကာကျော် ၉/မတန(နိုင်)၀၈၇၉၄၃(ဘ) ဦးဝင်းမြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၂၄၃၁) ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၈၇/၂၀၂၀ (၁၄-၈-၂၀၂၀) ဖြင့် မြေကွက်အမည်ပေါက်၏အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသက်နိုင်ထွန်း ၁၃/ရစန(နိုင်)၀၆၈၇၁၇ (ဘ) ဦးသန်းထွန်းမှ ဒေါ်အေးကျော်ကျော်မောင် ၇/ကဝန(နိုင်)၀၀၅၂၁၆နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၀၇၃)၊ ဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဒေါ်ယုယုခိုင် (ဘ) ဦးလှသိန်း ၁၄/ဟသတ(နိုင်)၂၀၉၂၆၃ အမည်ပေါက်ပါမစ်မြေကွက်ကိုဒေါ်စုစုခိုင်(ဘ) ဦးလှသိန်း ၁၄/ဟသတ(နိုင်)၂၄၃၅၈၈ မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃) ပထမအကြိမ်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲခူးတိုင်းဒေသကြီး၊ ပြည်(နဝဒေး)-ပန်းတောင်း-တောင်ကုတ်လမ်းပေါ်ရှိ ညောင်ခြေထောက်တံတားတွင် အသုံးပြုရန် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ Covid-19ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

- **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** - (၂၂-၄-၂၀၂၄)ရက်၊ နံနက်(၉:၃၀)နာရီ
- **တင်ဒါလျှောက်လွှာပိတ်သည့် ရက်/အချိန်** - (၆-၅-၂၀၂၄)ရက်၊ ညနေ(၄:၃၀)နာရီ
- **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - (၇-၅-၂၀၂၄)ရက်၊ နံနက်(၁၀:၀၀)နာရီ
- **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - နဝဒေးရိပ်သာ ၊ ပြည်မြို့

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့တွင် (၂၂-၄-၂၀၂၄)ရက်၊ နံနက်(၉:၃၀)နာရီမှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၀၂၅၈၁၁၈၃၊ ၀၉-၄၂၀၀၄၉၂၃၃၊ ၀၉-၄၀၁၅၅၆၂၃၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဥသာသီရိ(၁)လမ်း၊ အမှတ်- ၁၀၀၂၊ အကျယ်အဝန်း ပေ(၃၁x၆၀)ရှိ အိမ်နှင့်ခြံမြေအား ကွယ်လွန်သူ ဦးတင်ညွန့်နှင့် ဒေါ်ကျင်လှိုင်တို့ပိုင်ဖြစ်ပြီး သားသမီးများဖြစ်ကြသော ဦးကြီးမြင့်၊ ဦးဝင်းမြင့်၊ ဒေါ်ရီရီဆွေ၊ ဒေါ်ခင်မာဆွေ၊ ဒေါ်ရီရီခိုင်တို့ မောင်နှမ(၅)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူအဆိုပြုကာ ဝန်ခံပြောကြား၍ ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်းများဖြင့် တရားဝင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှမြတ်သူ(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၉၇၃)**
**အမှတ်-၄၃၃၊ မှော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း - ၀၉-၄၄၉၀၀၃၅၄၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၁၃)၊ ကသဲစုအကွက်၊ ဦးပိုင်အမှတ်(၅၅-ယ၊ ၅၅-မ)၊ ဧရိယာ ၀ ဒသမ ၂၈၄ ဧကရှိ ဂရန်မြေအား ဒေါ်စုလွင်မိုးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ်(D-၁၀၂)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိဂရန်မြေသည် မူလက ဦးအုန်းလှိုင် အမည်ပေါက်အား ဦးဖြိုးလတ်အောင်၊ ဦးဖြိုးညီအောင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မာန်ပြေ(၂)လမ်း (အရှေ့)၊ အမှတ်(၇၉၅)၊ (အလျား ၄၀ ပေxအနံ ၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက် (၂)ခန်းတွဲ အဆောက်အအုံ၏ ဒုတိယထပ် (၃ လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း(အလျား ၁၇ ပေxအနံ ၅၄ ပေ)ရှိ တိုက်ခန်းနှင့် အဆက်စပ်စာချုပ်မူရင်းများနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေးမြင့် ၁၂/သကတ(နိုင်)၁၁၄၈၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဗိုလ်ဗိုလ်မောင်(LL.B)** | **ဒေါ်ဆုမြတ်ဇင်မွန်သိမ့်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၃၅၃၃** | **စဉ်-၁၃၅၀၅** |

**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ -၂၆၂၁၀၄၉၄၆၊ ၀၉ -၇၉၀၂၅၆၉၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိ အနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၈၀၆)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ချောစုဝင်း (ဘ)ဦးဝင်းကြည် ၁/ရကန(နိုင်)၀၀၀၀၈၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ချောစုဝင်းထံမှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၆၉/၂၀၂၂ (၁၂-၈-၂၀၂၂) ရရှိထားသူ ဦးမျိုးညွန့် (ဘ)ဦးကျော်ညွန့် ၁၂/ဒဂန(နိုင်)၀၂၃၂၂၁ မှ ဒေါ်မေထိုက်အောင် (ဘ)ဦးအောင်သန်းထွန်း ၉/မရတ(နိုင်)၁၀၇၇၆၀ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိဒေါ်ဝါဝါဇင် ၁၂/ကမတ(နိုင်)၀၀၇၃၇၄(ဘ) ဦးသန့်ဇင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၃၄၄၉၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၇/၂၀၁၅ (၃-၂-၂၀၁၅) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်စိုး ၅/တဆန(နိုင်)၀၇၈၁၆၈ (ဘ) ဦးအောင်ခန့်မှ ဦးစိုးသူရ ၇/ရတရ(နိုင်)၀၇၃၈၇၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/28123 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းလင်းထက် ၇/ကပတ(နိုင်) ၁၂၇၀၆၃ က (ကမ-၃ )ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/27225 Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင့် ၇/ရတရ(နိုင်)၀၅၀၈၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကင်းသာအုပ်စု ကင်းသာကျေးရွာနေ မမေဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်ကျော် ၉/တကန(နိုင်) ၁၅၀၉၈၅ ဖြစ်ပါကြောင်း။

## အမှားပြင်ဆင်ခြင်း

(၄-၄-၂၀၂၄) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၉)ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာမှ နေရပ်လိပ်စာတွင် (၁၃) လမ်းကို (၃၁)လမ်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်5N/5779 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ဓမ္မစေတီ၊ ဦးပိုင်အမှတ် (၈၇)၊ ဧရိယာ ၀ ဒသမ ၂၀၀ဧကအနက်မှ ဧရိယာ ၀ ဒသမ၁၀၀ဧကအား ဒေါ်မူမူခိုင် (ဘ)ဦးသောင်း ၉/တကန(နိုင်)၁၃၅၇၂၅ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၄၅၇/၂၀၂၄)၊ တပ်ကုန်းမြို့နယ် မြေစာအင်း ဦးစီးဌာနထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး
## ဦးစံသိန်း
### လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ သံမဏိစက်ရုံ
### အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဟံသာဝတီ(၂၂)လမ်း၊ အမှတ်(၃၈)နေ(ဦးဘစိုး-ဒေါ်ချို)တို့၏သား၊ (ဦးဘချမ်း-ဒေါ်ထွေးစိန်)တို့၏သားမက်၊ ဦးရစ်ချက်-ဒေါ်ဌေးဌေးမြင့်၊ ဒေါ်ခင်ခင်ကြီး၊ ဦးလှိုင်ဝင်း(YRTC)-ဒေါ်ခင်သီတာလှိုင်၊ ဦးသက်နိုင်(T.M.T PORT)-ဒေါ်မြတ်မြင့်ထွေး တို့၏ဖခင်၊ မြေး(၄) ယောက်၏အဘိုး၊ ဒေါ်မြင့်မြင့်ကြွေ ၏ခင်ပွန်း ဦးစံသိန်းသည် ၇-၅-၂၀၂၄ရက်နေ့ (တနင်္လာနေ့) ညနေ (၃:၃၀)နာရီအချိန်တွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉-၅-၂၀၂၄ ရက်နေ့ (အင်္ဂါနေ့) နံနက် (၁၁:၀၀)နာရီအချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ သည်။

(ကွယ်လွန်သူအားရည်စူး၍ ၁၃-၅-၂၀၂၄ ရက် (စနေနေ့) နံနက် (၇:၀၀) နာရီတွင် ရက်လည်ဆွမ်းသွတ် တရားတော်နာ ပြုလုပ်မည်ဖြစ်ပါ၍ အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဦးတင်ထွန်း(ခ)ဖိုးချို
### ရန်ကုန်တိုင်းဒေသကြီး(ထွေ/အုပ်)
### အသက် (၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ အမှတ်(၃)၊ ဦးကျော်ဒွန်း၊ ၁လမ်း၊ ကရင်အမျိုးသားရပ်ကွက်နေ (ဦးဟန်ကြည်-ဒေါ်ခင်ကြည်)တို့၏သား၊ ဦးမောင်ကြည်၊ ဦးဝိုင်း-ဒေါ်ကြည်ကြည်နွယ်၊ ဒေါ်သိန်းတန်တို့၏ ညီ၊ မောင်၊ ဦးလှမိုးအောင်-ဒေါ်ရင်ရင်ရွှေတို့၏ အစ်ကို၊ မယုယုမော်၊ မမိုးမိုးလွင်၊ မောင်ဇင်ဝိုင်း၊ မစိမ့်ရွှေရည်နှင်း၊ မောင်စက်မြတ်မင်းတို့၏ဦးလေးသည် ၆-၅-၂၀၂၄ ရက် (စနေနေ့) နံနက်၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃: ၄၅ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမျိုးမင်းဦး
### Founder and Principal, PS Business School
### အသက် (၄၉)နှစ်

ရန်ကုန်မြို့နေ(ဦးစိုးတင်၊ တိုင်းမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-၁)-ဒေါ်ရီရီတို့၏သား၊ ရန်ကုန်မြို့နေ (ဦးသန်းအောင်-ဒေါ်ညွန့်ညွန့်ဝင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၃၄၊ ပထမထပ်၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်နေ ဒေါ်သင်းသဇင်အောင်၏ခင်ပွန်း၊ မောင်မင်းဘုန်းအသေ၏ ချစ်လှစွာသောဖခင် ဦးမျိုးမင်းဦး သည် ၇-၅-၂၀၂၄ရက် မွန်းလွဲ ၁၂:၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ တင်းတိပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၈၅/၁၅၃၅၊ ဥတ္တမရာဇ်ကံကွင်း)၊ ဦးပိုင်အမှတ်(၇၈/၃)၊ မြေဧရိယာ(၀.၉၀)ကေရှိမြေသည် ဒေါ်သောင်းရင် အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်၊ ၆၃ / RD မြေငှားဂရန်သက်တမ်းမှာ (၂၁-၁၀-၂၀၀၅) မှ (၂၁-၁၀-၂၀၃၅) ရက်နေ့ထိဖြစ်ကြောင်း၊ အဆိုပါမြေငှားဂရန်အနက် ဦးပိုင်အမှတ်(၇၈/၃-က)၊ မြေဧရိယာ(၀.၄၈၀)ကေရှိမြေအား (၈-၁၂-၂၀၂၃)ရက်နေ့တွင် ဒေါ်သောင်းရင်(ဘ)ဦးသန်းမောင် မှ ဒေါ်ခိုင်ခိုင်မြင့်(ဘ)ဦးကျော်မြင့် သို့ တရားဝင် မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆို ရောင်းချခဲ့ပြီး စစ်ကိုင်းမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခိုင်ခိုင်မြင့်အမည်ဖြင့် မြေငှားဂရန်ခွဲစိတ်/အမည်ပြောင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၃၇၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ် (၂၈လမ်း(၁၁၉))၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေအား အမှုတွဲအမှတ် ၃၃၄ V ၂၀၀၄-၂၀၀၅ အရ (၂၈-၁၀-၁၉၉၃) မှ (၂၇-၁၀-၂၀၂၃)ထိ ဦးတင်စိုးကြွယ်အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသည့်မြေကို ဦးတင်စိုးကြွယ်မှ မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ် ( သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၃၇၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ်(ပိတောက်လမ်း(၁၀၀))၊ ဧရိယာ(၀ဒသမ၁၁၀) ကေရှိမြေအား အမှုတွဲအမှတ် ၃၃၅ V ၂၀၀၄-၂၀၀၅ အရ (၁၄-၁၀-၁၉၉၃) မှ (၁၃-၁၀-၂၀၂၃)ထိ ဦးတင်စိုးကြွယ် အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသည့်မြေကို ဦးတင်စိုးကြွယ်မှ မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်မဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာ ပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဦးအောင်မျိုးမြင့်(ချင်းတွင်းပုံနှိပ်တိုက်)
### Memory DVD
### အသက်(၆၆)နှစ်

အမှတ်(၁၇၈)၊ ၄၇လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ချင်းတွင်း ဦးဘကြည်-ဒေါ်တင်ရွှေ)တို့၏ သားအငယ်ဆုံးဖြစ်သူ၊ (ဦးအောင်စိုးမြင့်)-ဒေါ်နီတာရင်ရင်မေ၊ (ဦးတင်ထွန်း-ဒေါ်ခင်စိုးမြင့်)တို့၏ မောင်အငယ်ဆုံးဖြစ်သူ၊ ဦးကျော်ကျော်အောင်စိုးမြင့်၊ ဒေါ်သဉ္ဇာထွန်း၊ ဦးညီညီအောင်စိုးမြင့်၊ ဦးဇာနည်ထွန်း၊ ဦးရဲမင်းထွန်း၊ ဦးဖြိုးမင်းထွန်း၊ ဦးအာကာဟိန်းတို့၏ ချစ်လှစွာသော ဦးလေးဖြစ်သူ၊မအိရွှေစင်မျိုး၊မထက်နန္ဒာအောင်၊မောင်အောင်ဗိုလ်ဗိုလ်မျိုးတို့၏ ကျေးဇူးရှင် ဖခင်ဖြစ်သူ၊ ဒေါ်ဥမ္မာသိန်း (Memory DVD)၏ ကျေးဇူးရှင် ခင်ပွန်းဖြစ်သူ ဦးအောင်မျိုးမြင့် (ချင်းတွင်းပုံနှိပ်တိုက် Memory DVD)သည် (၉၆)ပါးသောရောဂါဖြင့် အောင်ရတနာဆေးရုံတွင် ၈-၅-၂၀၂၄ ရက် နံနက် ၃:၂၁နာရီတွင် ဘဝတပါးသို့ ပြောင်းလဲသွားပါသဖြင့် နေ့ချင်းပြီး သင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ဝမ်းနည်းညှိုးငယ်စွာဖြင့် အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်မျိုးမြင့်(ချင်းတွင်းပုံနှိပ်တိုက်)
### Memory DVD
### အသက်(၆၆)နှစ်

ငယ်သူငယ်ချင်း ဥမ္မာသိန်းရဲ့ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ကိုအောင်မျိုးမြင့်သည် ၈-၅-၂၀၂၄ရက် နံနက် ၃ နာရီ ၂၁ မိနစ်၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲပါသည်။

**အထက(၈)မန္တလေးမှ**
**ငယ်သူငယ်ချင်းများ**
**(ရန်ကုန်+မန္တလေး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ည)၊ ဘုမ္မာ(၁၁)လမ်း၊ အမှတ်(၃၄၇ )ဟုခေါ်တွင်သည့်(ဦးတင်ဦး) အမည်ပေါက် ဧရိယာ(၂၀ပေ x ၆၀ပေ) ဂရန်မြေအမျိုးအစားအား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ခိုင်ဇာလွင် (၁၂/ ဥကမ(နိုင်) ၁၈၁၆၈၈) ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုခြင်း တစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစည်သူ LL.B,DBL,WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၂၅၄)**
**ဖုန်း-၀၉-၅၀၉၄၂၁၄၊ ၀၉-၄၂၀၀၁၁၀၃၈**

## မြေးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ တမလန်းပင်အုပ်စု၊ အင်တောကျေးရွာနေအဘွားဖြစ်သူ ဒေါ်ဇီးကွက် ၈/နမန(နိုင်)၁၉၂၄၈၆ သည် အဖွားဖြစ်သူနှင့် အတူနေထိုင်ကြသော မြေးများမှာ သွန်သင်ဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် မြေးများဖြစ်ကြသော မောင်ရှိုင်းထက်အောင်နှင့် မောင်ရန်နိုင်တို့အား ၈-၄-၂၀၂၄ ရက် ယနေ့မှစ၍မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝါလင်း(LL,B)တရားလွှတ်တော်ရှေ့နေ**
**စဉ် ၁၀၅၉၀/၁၅**
**တမာပင်ရပ်၊နတ်မာက်မြို့၊**
**Ph -09-941235723**

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ပင်စင်လမ်းနေ ဦးဇော်ဇော် ၇/နတလ(နိုင်) ၀၀၃၅၁၂နှင့် ဒေါ်သဇင် ၇/ဖမန(နိုင်) ၀၇၉၈၄၈ (နိုင်းနိုင်းစာပေနှင့် စာရေးကိရိယာအရောင်းဆိုင်)ပိုင်ရှင်တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ဦးဇော်ဇော်နှင့် ဒေါ်သဇင်တို့သည် ဖြူးမြို့၊ ပဲခူးလမ်းနှင့် ပင်စင်လမ်းတို့တွင်(နိုင်းနိုင်း)အမည်ဖြင့် စာပေနှင့်စာရေးကိရိယာပစ္စည်း အရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချနေသူများဖြစ်ပါသည်။ အဆိုပါ (နိုင်းနိုင်း) စာပေနှင့် စာရေးကိရိယာဆိုင်များသည် ကျွန်ုပ်မိတ်ဆွေများသာလျှင် လက်ရှိထား ဖွင့်လှစ်ရောင်းချပိုင်ဆိုင်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ သက်ဆိုင်ခြင်း၊ ပိုင်ဆိုင်ခြင်း လုံးဝမရှိပါ။

သို့သော် လွန်ခဲ့သော(၅-၄-၂၀၂၄)ရက်က ဖြူးမြို့နယ် "ဖြူးဟစ်တိုင်" လူမှုကွန်ရက်စာမျက်နှာ (Group)တွင် အမည်မသိစာတင်သူအနေဖြင့် "ဒေါ်သီသီဝေ (အငြိမ်းစားကျောင်းအုပ်ဆရာမ)(နိုင်းနိုင်းစာပေ စတိုးရဲ့ချွေးမ)ဟုလည်းကောင်း၊ နိုင်းနိုင်း စတိုး၏ ချွေးမအငယ်ဆိုသည့်အတွက်ကြောင့်လည်းကောင်း၊ နိုင်းနိုင်းစတိုးဟု သောကြောင့် ယုံကြည်သဖြင့် ငွေပုံပေးခဲ့ကြောင်း၊ စသည်ဖြင့်(နိုင်းနိုင်း) စတိုးဆိုင်အား ရည်ညွှန်းကိုးကားရေးသားသည့် စာသားများကြောင့် ကျွန်ုပ်၏ မိတ်ဆွေများအနေဖြင့် ၎င်းတို့ပါဝင်ပတ်သက်ပြုလုပ်ခြင်းမရှိသည့်ကိစ္စရပ်များအတွက် မမှန်မကန်စာတင်ရေးသားခံရသဖြင့် ဂုဏ်သိက္ခာကျဆင်း၍ များစွာထိခိုက်နစ်နာလျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေများအနေဖြင့် ပါဝင်ပတ်သက်ခြင်း၊ သိရှိဆောင်ရွက်ခြင်းမရှိသော ကိစ္စရပ်များနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများသာပိုင်ဆိုင်သည့် "နိုင်းနိုင်း" စာပေနှင့်စာရေးကိရိယာအရောင်းဆိုင်၏ ကောင်းမွန်သောဂုဏ်သတင်း၊ ထင်ပေါ်ကျော်ကြားမှုကို အသုံးပြု၍ စည်းရုံးပြောဆိုသူ (သို့မဟုတ်) လူအများသိရှိစေရန် လူမှုကွန်ရက်စာမျက်နှာ (တစ်ဦးတည်းအသုံးပြုသော account ဖြစ်စေ၊ အများမြင်စေရန် Group ၌ဖြစ်စေ) Posts စာတင်ရေးသားသူ (သို့မဟုတ်) မှတ်ချက်များ (Comments)ရေးသားသူများ၊ (Share)ဖြန့်ဝေသူများ နိုင်းနိုင်းစာပေနှင့် စာရေးကိရိယာဆိုင်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်တွင် ရည်ညွှန်း၊ ကိုးကားရေး သားစာတင်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်နှင့် ဒေါ်သဇင်တို့၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာလွင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၃)**
**လိုင်စင်ရရက်စွဲ(၁၃-၇-၂၀၁၇)**
**ပဲခူးလမ်းတောင်ပိုင်း၊ တာခြားရပ်၊ ဖြူးမြို့။**
**ဖုန်း-၀၉-၄၂၈၁၁၀၁၀၇၊ ၀၉-၉၆၄၁၁၀၁၀၇**

## အလ္လာအသျှင်မြတ်အမိန့်တော်ခံယူခြင်း
## Noorjahan Bagum(ခ)
## ဒေါ်တင်တင်စိန်(ခ) Valentine Sein
### ငါး/ဦးစီး(ငြိမ်း)
### အသက်(၈၀)

တောင်ငူမြို့နယ်နေ(ဦးဖေစိန်-ဒေါ်တင်တင်လတ်)တို့၏သမီးလတ်၊ (ဦးသိန်း-ဒေါ်မမလေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၂)လမ်းနေ (ဦးခင်မောင်သိန်း)(ညွှန်ကြားရေးမှူး၊ ကညန-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်စိန်)-ဒေါ်နော်သွဲ့စေး၊ (ဦးထွန်းစိန်)-ဒေါ်တင်တင်စိန်(ခ)ဒေါ်အဇီဇာ၊ (ဦးမင်းစိန်)-ဒေါ်Dorathy တို့၏ ညီမ၊ ဒေါ်မြင့်မြင့်စိန်၏အစ်မ၊ ဒေါ်အေးသီတာသိန်း-ဦးနေသွေး (Cambodia)၊ ဒေါ်အေးသူဇာသိန်း -ဦးကျော်ကိုကိုလွင်(Australia)၊ ဒေါ်သီရိသိန်းတို့၏ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မယဉ်မွန်သွေး၊ မောင်သိဒ္ဓိမင်းလွင်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး Noorjahan Bagum (ခ) ဒေါ်တင်တင်စိန်(ခ) Valentine Sein (ငါး/ဦးစီး-ငြိမ်း)သည် ၆-၅-၂၀၂၄ရက် (စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် နေအိမ်၌ အလ္လာအသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၇-၅-၂၀၂၄ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးစွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ(၁၂)လမ်း၊ အမှတ်(၄၅၄) ဟုခေါ်တွင်သော မြောက်ဥက္ကလာမြို့နယ်၊ မြေတိုင်းရပ်ကွက် (ဆ)၊ မြေကွက်အမှတ် (၄၅၄)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေငှားစာချုပ်အမှတ် မဥ/ဆ ၈၉၀/၉၃ ရကစ/မြေရာ(ဥ)အရ ဒေါ်မြခင် (RGN-၀၀၂၅၂၈)၊ ဦးဝေလွင်ဦး(AMA-၁၀၇၈၃၈)၊ ဒေါ်ကြည် (N/OKA- ၀၀၂၇၄၃) တို့အမည်ပေါက် ဂရန်မြေဧရိယာ (၀.၀၅၅)ဧကရှိ မြေထဲမှ အရှေ့မျက်နှာဝ (၁၇) ပေ၊ အနောက်မျက်နှာဝ (၁၅ပေခွဲ)၊ အရှည် (၆၀) ပေရှိ မြေနှင့်နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သက်သက်(၁၂/ဗဟန(နိုင်)၀၂၅၈၁၇ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မိုးမိုး ၅/မရန(နိုင်)၂၂၇၄၈၀မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တိုးတိုးကျော် (စဉ်-၈၃၈၇) LLB, D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Phone: -09-5107042**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊အမှတ်(၂၉)၊ Basement + RC(၁၂) ထပ် အဆောက်အအုံ၏ Building (R-7)၊ Room(08-08)၊ (၈လွှာ)၊ဧရိယာ ၃၉၅.၆၈ စတုရန်းပေရှိ Brilliance Mansion Condominium နှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော(Thukha Kabar Co.,Ltd) ၏ကိုယ်စား ဒေါ်သင်းနုနုနိုင် ၁၃/တကန(နိုင်)၃၀၅၉၂၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမင်းဇော်အောင် ၁၂/မဂတ(နိုင်)၀၀၀၃၅၇၊ ဒေါ်ယေယေစု ၁၂/ဗဟန(နိုင်) ၀၁၇၄၅၁ တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းတိကျခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းဇော်အောင် ၊ ဒေါ်ယေယေစု တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင်ဝင်း (LL.B),WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၈)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မာလာမြိုင် ၉လမ်း၊ အမှတ်(၁၁)ရှိ (Vets and Pets Company Limited)သည် (Chengdu Seamady Technology Company Limited)၏ တရားဝင်( Authorization Letter)ရရှိထားသော ကုမ္ပဏီဖြစ်ပြီး တိရစ္ဆာန်ဆေးကုခန်းနှင့် ပတ်သက်သော စက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ပြည်ပမှ တင်သွင်းပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချနေသော ကုမ္ပဏီဖြစ်ပါသည်။(Vets and Pets Company Limited)သည် ကောင်းသော ဂုဏ်သတင်းဖြင့် တည်ထောင်လုပ်ကိုင်ပြီး အထက်ဖော်ပြပါပစ္စည်းများကို တရားဝင်ရောင်းချ လျက်ရှိနေပါသည်။ ယခုအခါ လူမှုကွန်ရက်စာမျက်နှာပေါ်မှနေ၍ ကျွန်ုပ်၏အမှုသည်အား စိတ်အနှောင့်အယှက်ဖြစ်စေသော၊ စိတ်ငြိုငြင်စေသော ဂုဏ်သိက္ခာထိခိုက်စေသော စာသားများကိုရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသဖြင့် ဆက်လက်မပြုလုပ်ရန်အသိပေးတားမြစ်လိုက်ပါသည်။ (Vets and Pets Company Limited)၏ ပုံရိပ်ထိခိုက်စေရန် ဆက်လက်နှောင့်ယှက်ခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ ဂုဏ်သိက္ခာထိခိုက်အောင် ရေးသားဖြန့်ဝေခြင်းများ ပြုလုပ်ပါက ဥပဒေ အရ အရေးယူဆောင်ရွက်သွားရလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**Vets and Pets Company Limited၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မျိုးသူဇာနှင်း** | **ဒေါ်ဇင်သူဇာကျော်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၂၁၆)** | **(စဉ်-၅၆၃၅၅)** |
| **ဖုန်း-၀၉-၂၅၄၂၁၈၀၂၄** | **ဖုန်း-၀၉-၂၆၃၅၃၈၇၉၅** |

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ (၁၈)လမ်း ၊ အမှတ်(၂၄၈) ၊ (၂)ခန်းတွဲ RC(၅) ထပ် အဆောက်အအုံ၏ အခန်းအမှတ်(၁-အေ)၊ (မြေညီထပ်) ၊ တိုက်ကိုမျက်နှာမူလျှင်(ဘယ်ဘက်အခန်း)၊ဧရိယာ-(၁၀၂၆) စတုရန်းပေရှိတိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဖြိုးစန္ဒာမြင့်(၁၂/မဂဒ(နိုင်)၁၁၄၁၃၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးအောင်စိုးမိုးဦး(၁၁/စတန(နိုင်)၀၆၀၃၂၂)၊ ဒေါ်စုမြတ်မွန်(ခ) စုလင်းထက်(၁၁/ဘသတ(နိုင်)၀၁၆၃၆၅)တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းတိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်စိုးမိုးဦး၊ ဒေါ်စုမြတ်မွန်(ခ)စုလင်းထက် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ခိုင်ဝင်း (LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၈)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၁၀-၁-၂၀၂၄)ရက်စွဲပါ စာမျက်နှာ (၂၄)၊ မြန်မာ့အလင်းသတင်းစာ တွင်ပါရှိသော ဦးမြင့်အောင် အမည်ပေါက် မြေကွက်အမှတ်(ပ-၂၄၁၂၂)ကို ဒေါ်စုစုဝင်း ၁၂/မဂတ(နိုင်) ၀၄၃၂၆၉နှင့် **မှတ်ပုံတင်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်** အစား **မေတ္တာဖြင့်အပိုင်ပေးကမ်းစာချုပ် ချုပ်ဆိုရန်** မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားခြင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

တာမိုးညဲမြို့၊ ရပ်ကွက်(၇)နေ မောင်ရန်ရှီရော ၁၃/တမည(နိုင်) ၀၀၂၈၆၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၉၆၆၉၃၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

မိုင်းကိုင်မြို့၊ ရပ်ကွက်(၄)နေ မဖြူဖြူသီ ၁၃/မကန(နိုင်) ၀၆၄၈၈၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၉၆၆၉၃၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၂)၊ ဇေယျာလမ်းနေ မမို့မို့ခင် ၁၃/လရန(နိုင်) ၁၆၈၇၇၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၁၀၀၁၂၈၃**

❖ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သော (၄၉) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ "လင်းလက်ဝါ" ရွှေပန်းထိမ်ဆိုင်အား လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားခုနစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၈

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၂ လမ်းနှင့် ၈၉ လမ်းထောင့်ရှိ "လင်းလက်ဝါ"ရွှေပန်းထိမ်ဆိုင်သို့ လုံခြုံရေး တပ်ဖွဲ့ဝင်များ ပုံသဏ္ဌာန်အသွင်ယူဝတ်ဆင်ထားသည့် အမျိုးသားလေးဦးသည် အဖြူရောင်မော်တော်ယာဉ်တစ်စီးနှင့်အတူ မတ် ၂၈ ရက် ညနေ ၅ နာရီ ၁၁ မိနစ်တွင် ရောက်ရှိလာပြီး နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ညွှန်စာရင်းစစ်ရန်နှင့် လူများစစ်ဆေးရန်ရှိကြောင်းပြောဆို၍ အိမ်ရှင်များအား တွန်းထိုးရိုက်နှက်ပြီး နေအိမ်အပေါ်ထပ်ရှိ အခန်းများကို လိုက်လံပြသခိုင်းကာ စာမျက်နှာ ၂၂ ကော်လံ ၁ ❑



ပြစ်မှုကျူးလွန်သူ တရားခံများနှင့် သိမ်းဆည်းရမိသက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

## ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့မှ အာဆင်နယ်နဲ့ ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ်နဲ့ မန်စီးတီးအသင်းပွဲစဉ်ကို ဧပြီ ၁၀ ရက် နံနက် ၁ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

အာဆင်နယ်နဲ့ ဘိုင်ယန်မြူးနစ်အသင်း ပွဲစဉ်ကို အမ်းမရိတ်ကွင်းမှာ ယှဉ်ပြိုင်ကစားသွားမှာပါ။ လတ်တလော ခြေစွမ်းတွေအရ ဘိုင်ယန်မြူးနစ်အသင်းက အကျဘက်ရောက်နေပြီး အာဆင်နယ်အသင်းက အတက်ဘက်ရောက်နေတာ တွေ့ရတယ်။ ဒါပေမယ့် ဒီနှစ်သင်းတွေ့ဆုံတဲ့အခါတိုင်း အကြိတ်အနယ်ရှိပြီး အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ အာဆင်နယ်အသင်းထက် ဘိုင်ယန်မြူးနစ်အသင်းက စာမျက်နှာ ၂၂ ကော်လံ ၅ ❍

## ၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် Grade-7 နှင့် Grade-10 ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ သင်ယူနိုင်ရန် သင်ခန်းစာများကို ထုတ်လွှင့်ပြသပေးမည်

နေပြည်တော် မေ ၈

၂၀၂၄-၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူနိုင်ရန်အတွက် MWD Education,Knowledge & Sports Channel နှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ Education Channel တို့တွင် ဧပြီလ ၈ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ Grade-7 သင်ခန်းစာများကို နံနက် ၇ နာရီမှ ၇ နာရီခွဲအချိန်နှင့် ညနေ ၆ နာရီမှ ၆ နာရီခွဲအချိန်တွင်လည်းကောင်း၊ Grade-10 သင်ခန်းစာများကို နံနက် ၈ နာရီမှ ၈ နာရီခွဲအချိန်နှင့် ည ၇ နာရီမှ ၇ နာရီခွဲအချိန်တွင်လည်းကောင်း နေ့စဉ်ထုတ်လွှင့်ပြသလျက်ရှိကြောင်း မိဘပြည်သူများအား အသိပေးအပ်ပါသည်။

သတင်းစဉ်

## မေ ၁၀ ရက်မှ ၁၂ ရက်အတွင်း အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၈

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ မေ ၁၀ ရက်မှ ၁၂ ရက်အတွင်း အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မိုးတိမ်တောင်ဖြစ်ထွန်းမှု အားကောင်းသောဒေသများတွင် လေပြင်းတိုက်ခတ်ခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

ယနေ့ ဖတ်စရာ

### ခရမ်းမြို့နယ်၌ မြေပဲတစ်ဧကလျှင် ပျမ်းမျှတင်း ၆၀ ခန့် ထွက်ရှိ

စီးပွားရေးသတင်းများ စာ ၁၈



### မိုဇမ်ဘစ်နိုင်ငံ၌ သင်္ဘောတိမ်းမှောက်မှုဖြစ်ပွား၊ ၉၁ ဦး သေဆုံး

စာ ၂၃